# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက် စနေနေ့။ Saturday, 28 March 2026 ၁၂၁၃၅


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးစဉ်။

# (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပပြုလုပ်

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် မတ် ၂၇

(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားသည်။

**စစ်ရေးပြအစီအစဉ်အတိုင်းဆောင်ရွက်**

ဦးစွာ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြစစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

**ပြောင်းလဲနေသည့် ကမ္ဘာ့အခင်းအကျင်းသစ်တွင် နိုင်ငံ့စွမ်းအားဖြစ်သည့် လူငယ်များ၏ အခန်းကဏ္ဍ**

ဆောင်းပါး စာမျက်နှာ » ၁၄



**ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး လွယ်ကူလျင်မြန်ချောမွေ့စွာ သွားလာနိုင်ရန်အတွက် ပဲခူး - မော်လမြိုင် ရထားလမ်းပိုင်း အဆင့်မြှင့်တင်မွမ်းမံဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၁၇

ကြေးမုံ

# စွမ်းရည်ပြည့်ဝသည့်တပ်မတော် အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်

၂၀၂၆ ခုနှစ် နှစ်သစ်ကာလသည် မြန်မာနိုင်ငံအတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံတော်သစ် ပေါ်ပေါက်လာတော့မည်ဖြစ်သည်။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်က ဦးဆောင်ကျင်းပသည့် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း (၃)ပိုင်းခွဲ၍ ၂၆၃ မြို့နယ်တွင်ကျင်းပခဲ့ရာ မဲပေးခွင့်ရှိသည့် လူဦးရေ၏ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းသည် ဆန္ဒအလျောက် စည်းကမ်းတကျမဲပေးခဲ့ကြပြီး ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့သည်။

ပြည်သူများအနေဖြင့် မိမိတို့၏ ရပ်ရွာ၊ မြို့နယ်၊ တိုင်းပြည်အကျိုးကို အကောင်းဆုံးဆောင်ရွက်ပေးနိုင်မည်ဟုယုံကြည်သည့် ပါတီနှင့်လူပုဂ္ဂိုလ်တို့ကို ယုံကြည်ချက်ဖြင့် မဲပေးရွေးချယ်ခဲ့ကြသည်။ ယခုအခါ ပြည်သူများက ရွေးချယ်ပေးခဲ့ကြသည့် ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လွှတ်တော်များတွင် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို စတင်ထမ်းဆောင်နေကြပြီဖြစ်သည်။ မကြာမီရက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်ကာ ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

ပေါ်ထွန်းလာမည့် ဒီမိုကရေစီအစိုးရသစ်ကို နိုင်ငံတော်၏ တာဝန်များကို စနစ်တကျလွှဲပြောင်းပေးအပ်သွားမည် ဖြစ်သည်။ တပ်မတော်နှင့်ပတ်သက်၍ မတ်လ ၂၆ ရက်နေ့က (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်ကြသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက “တပ်မတော်အနေဖြင့် တပ်မတော်၏ ခေါင်းဆောင်အစဉ်အဆက် သင်ဆရာ၊ ကြားဆရာ၊ မြင်ဆရာများ၏ လမ်းညွှန်ချက်များအတိုင်း၊ စစ်ပညာရပ်များအတိုင်း၊ ချမှတ်ထားသည့် မူဝါဒ လမ်းစဉ်များအတိုင်း ဆက်လက်လျှောက်လှမ်းကြမည်ဖြစ်ကြောင်း၊ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဆက်လက်၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီလည်း လက်တွဲညီညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသမိုင်းကြောင်းတစ်လျှောက်မှ ယနေ့အချိန်အထိ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ဦးဆောင်နိုင်ခြင်းသည်၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ခြင်းသည် ခေတ်အဆက်ဆက် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလမှစ၍ လွတ်လပ်ရေးရပြီးနောက် မျက်မှောက်ကာလအထိ အဆင့်ဆင့်သော တပ်မတော်ခေါင်းဆောင်ကြီးများ၊ မိဘ၊ ဆရာသမားများ၏ သွန်သင်ဆုံးမမှုများ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ အဆင့်ဆင့်လက်ဆင့်ကမ်းသွန်သင်ဆုံးမမှုများကြောင့် ခိုင်မာစွာရပ်တည်နေနိုင်ခြင်း ဖြစ်သည်။ ပြည်တွင်းရန်၊ ပြည်ပရန်တို့ကို တွန်းလှန်တိုက်ဖျက်နိုင်ခြင်းဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး(၃) ပါးကို ကာကွယ်စောင့်ရှောက်နိုင်ခြင်းဖြစ်သည်။

တပ်မတော်သားများအနေဖြင့် တိုင်းရင်းသားပြည်သူများက မွေးဖွားလာသော မျိုးချစ်တပ်မတော်သားများဖြစ်ပြီး တပ်မတော်သာအမိ၊ တပ်မတော်သာအဖအဖြစ် ခံယူပြီး အဆင့်ဆင့်သောခေါင်းဆောင်များနှင့် ချမှတ်ထားသောလမ်းညွှန်ချက်များကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်လျက်ရှိသည်။ တပ်မတော်သည် အစဉ်အလာကောင်းများနှင့်အညီ တပ်မတော်ကြီး ထာဝစဉ်နုပျိုနေစေရန် အရည်အချင်းပြည့်ဝသည့် တပ်မတော်၊ အင်အားပြည့်ဝသည့်တပ်မတော်၊ စွမ်းရည်ထက်မြက်သည့် တပ်မတော်အဖြစ် ဆက်လက်တည်ဆောက်လျက်ရှိသည်။

မကြာမီကာလတွင် ပြည်သူများလိုလားသည့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ထွက်လာတော့မည်ဖြစ်ပြီး အဆိုပါအစိုးရသစ်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန်၊ တရားဥပဒေစိုးမိုးစေရန်၊ ပြည်သူလူထု၏ စားဝတ်နေရေးအဆင်ပြေစေရန်၊ နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ကြတော့မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသည် အထူးလိုအပ်သည့်အတွက် တပ်မတော်၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပြီး အမျိုးသားနိုင်ငံရေးဦးဆောင်မှုတွင် တပ်မတော်သည် အစဉ်အလာမပျက် ဆက်လက်တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်အတွက် စွမ်းရည်ပြည့်ဝသည့် တပ်မတော်ဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်း။ ။

## အစိုးရဓမ္မာစရိယစာမေးပွဲ (ပဌမနေ့) ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ (ပဌမနေ့)ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ ဆက်လက်ကျင်းပလျက်ရှိရာ စာဖြေစာရင်းသွင်း ၁၀၆၇၉ ပါး/ဦးအနက် ၈၄၄၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၀၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် သြဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်းစသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်၊ ဝါးဖော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

## ၂၇- ၃ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** **ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း** | - ခင်မို့မို့အောင်၊ |
| **စာတည်းမှူး** | - အေဝမ်းစိုး | **သတင်းထောက်များ** | ခင်မျိုးနိုင်၊ မာမာစိုး၊ |
| | | | ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ | **အငယ်တန်း** | - အောင်ကျော်ဦး၊ သန်းတင်အောင် |
| | ယုဝါဝါ၊ သီသီမင်း၊ | **သတင်းထောက်များ** | ခင်သက်မွန်၊ မြသီတာ |
| | ဟိန်းထက်လင်း၊ သက်ထွေး၊ | **သုတေသန** | - ဇင်မာဝင့် |
| | စန်းယဉ်ဥ၊ နိုင်လင်းကြည် | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | စိုးသူရ | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း

**ရဲဘော်တို့**

ဒီနေ့ဟာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းနဲ့အတူ ယှဉ်တွဲပေါ်ပေါက်လာတဲ့ ဒို့တပ်မတော်ရဲ့ (၈၁)နှစ်မြောက် တပ်မတော်နေ့ဖြစ်တယ်။ တစ်နည်းအားဖြင့်ပြောရရင် နယ်ချဲ့စနစ်ကို တိုက်ထုတ်ပြီးခဲ့တဲ့နောက် ဒို့နိုင်ငံရဲ့ ပြည်သူတွေအပေါ်မှာ ဖိစီးနှိပ်စက်နေတဲ့ ဖက်ဆစ်ဝါဒီတွေကို တပ်မတော်နဲ့ပြည်သူ ပူးပေါင်းပြီး အောင်မြင်စွာ စတင်တွန်းလှန်ခဲ့တဲ့ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်ကို ဂုဏ်ပြုတဲ့ နေ့ထူးနေ့မြတ်လည်းဖြစ်တယ်။ နိုင်ငံတော်နဲ့ တပ်မတော်အတွက် ဒီလိုထူးခြားလေးနက်တဲ့ တပ်မတော်နေ့မှာ ရဲဘော်တို့ကို သိသင့်သိထိုက်တာတွေ လေးလေးနက်နက် မှာကြားသွားမှာဖြစ်တယ်။

**ရဲဘော်တို့**

ဒို့နိုင်ငံဟာ ရေးပဝေသဏီကတည်းက ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်မှာ ခမ်းနားထည်ဝါစွာ ရပ်တည်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်။ ဒါပေမဲ့ ၁၉ ရာစုအတွင်းမှာ အင်္ဂလိပ်တို့ရဲ့ အကြောင်းပြချက်အမျိုးမျိုးနဲ့ မတရားကျူးကျော်သိမ်းပိုက်မှုကိုခံခဲ့ရပြီး လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးခဲ့ရတယ်။ ဒါကြောင့် ဆုံးရှုံးသွားတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရယူဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ရဲဘော်သုံးကျိပ်တို့ဟာ ဂျပန်တွေထံမှာ စစ်ပညာသင်ကြားခဲ့ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို စတင်ဖွဲ့စည်းပြီး နယ်ချဲ့အင်္ဂလိပ်ကို ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုနဲ့ တိုက်ထုတ်ခဲ့ကြတယ်။

အင်္ဂလိပ်တို့ ဆုတ်ခွာထွက်ပြေးသွားချိန်မှာ ဂျပန်တို့က လွတ်လပ်ရေးပေးမယ်ဆိုတဲ့ ကတိကို ပျက်ကွက်ခဲ့တဲ့အပြင် တပ်မတော်ကိုလည်း အင်အားလျှော့ချခဲ့တယ်။ နောက်ပိုင်းမှာ အတုအယောင်ရွှေရည်စိမ်လွတ်လပ်ရေးပေးခဲ့ပြီး ပြည်သူတွေအပေါ်မှာ မမျှော်လင့်ဘဲ ဆိုးရွားစွာနှိပ်စက်မှုတွေ ပြုလုပ်လာခဲ့တာကြောင့် ဒို့တပ်မတော်အနေနဲ့ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်မှာ သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုနဲ့အတူ လက်တွဲဆင်နွှဲခဲ့ကြတယ်။ အဲဒီအချိန်ကစပြီး တပ်မတော်ဟာ မြန်မာနိုင်ငံကို တိုင်းတစ်ပါးအုပ်စိုးမှုအောက်မှ အပြီးတိုင် လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ပေးခဲ့တယ်။

လွတ်လပ်ရေးဆိုတာ အချုပ်အခြာအာဏာပိုင်ခြင်းဖြစ်ပြီး ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးဆိုတဲ့ အာဏာကြီး (၃) ရပ်ကို နိုင်ငံသားတိုင်းက ကိုယ့်တိုင်းပြည်အခြေအနေနဲ့ ကိုက်ညီအောင် လွတ်လွတ်လပ်လပ်ဆုံးဖြတ်ပြဋ္ဌာန်းပြီး စီမံဆောင်ရွက်ပိုင်ခွင့်ရှိမှုပဲဖြစ်တယ်။ ဒါကြောင့် အသက်၊ သွေး၊ ချွေး ဆုံးရှုံးမှုပေါင်းများစွာနဲ့ရယူခဲ့တဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမှာက ဒို့တပ်မတော်သားတွေအပါအဝင် နိုင်ငံသားအားလုံးရဲ့ မွေးရာပါသမိုင်းပေးတာဝန်ဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ဟာ လွတ်လပ်ရေးရပြီးစ အချိန်ကတည်းကစပြီး နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ သွေးခွဲအုပ်ချုပ်မှုတွေကြောင့် သမိုင်းတစ်လျှောက် စုစုစည်းစည်းနေထိုင်ခဲ့ကြတဲ့ တိုင်းရင်းသားတွေရဲ့ အထင်အမြင်လွဲမှားမှု၊ နိုင်ငံရေးအယူအဆကွဲပြားမှုနဲ့ တိုင်းရင်းသားအရေးတို့ကို အခြေခံတဲ့ ပြည်တွင်းသောင်းကျန်းမှုတွေ ပေါ်ပေါက်လာပြီး ပူပူနွေးနွေး ရရှိထားတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်လည်မဆုံးရှုံးရစေဖို့အတွက် ဒုတိယဗိုလ်ချုပ်ကြီး စမစ်ဒွန်း၊ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ တပ်မတော်ဟာ အသက်၊ သွေး၊ ချွေးများစွာ ပေးဆပ်ကာကွယ်ပေးခဲ့တယ်။ အဲဒီလို ပြည်တွင်းရောင်စုံသောင်းကျန်းသူတွေကို နှိမ်နင်းနေစဉ်မှာပဲ တစ်ပြိုင်တည်းပေါ်ပေါက်လာတဲ့ တရုတ်ဖြူကူမင်တန်တွေနဲ့ မူဂျာဟစ် ကုလားဆိုးတွေရဲ့ ပြည်ပကျူးကျော်မှုအန္တရာယ်တွေကိုလည်း ဒို့တပ်မတော်က စွန့်လွှတ်စွန့်စားတဲ့စိတ်နဲ့ ကာကွယ်နှိမ်နင်းခဲ့ကြရတယ်။

ဒ့ါအပြင် နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားတဲ့အရေးကိစ္စတွေနဲ့ ကြုံတွေ့ခဲ့ရချိန်တိုင်းမှာ တပ်မတော်အနေနဲ့ မှန်ကန်တဲ့ ရပ်တည်ချက်၊ မှန်ကန်တဲ့ အမျိုးသားရေးခံယူချက်တို့နဲ့အတူ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးခဲ့တယ်။ ဒါကြောင့် ဒို့တပ်မတော်အနေနဲ့ ဒို့တာဝန်အရေး(၃)ပါးကို ထိပါးလာမယ့် အန္တရာယ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့ရတိုင်း နိုင်ငံတော်နဲ့ပြည်သူတို့ရဲ့ ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးခဲ့သလို နောင်အနာဂတ်ကာလမှာလည်း ဆက်လက်ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့နိုင်ငံဟာ လွတ်လပ်ရေးမဆုံးရှုံးခင်ကာလက ဘုရင့်နိုင်ငံအဖြစ် ရပ်တည်လာခဲ့ကြပေမယ့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းမှာတော့ ပါလီမန်ဒီမိုကရေစီစနစ်အပါအဝင် ပုံစံအမျိုးမျိုးနဲ့ တိုင်းပြည်ကို တည်ဆောက်ခဲ့ကြတယ်။ ဆိုရှယ်လစ်စနစ်နဲ့ တိုင်းပြည်ကို ခိုင်မာတဲ့ ပြည်ထောင်စုနိုင်ငံကြီးအဖြစ် တည်ဆောက်နေခဲ့တဲ့အချိန်မှာလည်း အချို့သောအားနည်းချက်၊ ပြည်တွင်းပြည်ပက သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူမှုအရေးအခင်းများနဲ့ ကြုံတွေ့လာရပြီး ၁၉၈၈ ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကို ရယူခဲ့ရတယ်။ အဲဒီအချိန်ကစပြီး ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်တဲ့ တပ်မတော်ဟာ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေး အတွက် လိုအပ်တဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံ အုတ်မြစ်တွေကို ချမှတ်ဖော်ဆောင်ပေးခဲ့သလို ပြည်သူများလိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နဲ့ ဈေးကွက်စီးပွားရေးတို့ကို ဖော်ဆောင်ဖို့ မရှိမဖြစ်လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့တယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီ ၂၀၁၀ ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပပြီး ပြည်သူများ လိုလားတောင့်တတဲ့ ဒီမိုကရေစီစနစ်ကို ညင်သာငြိမ်းချမ်းစွာ ကူးပြောင်းနိုင်ရေး ဦးစီးဆောင်ရွက်ပေးနိုင်ခဲ့တယ်။ ဒါပေမဲ့ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ NLD အစိုးရရဲ့ ဆိုးရွားစွာပြုလုပ်ခဲ့တဲ့ မဲမသမာမှုတွေကြောင့် ရွေးကောက်ခံကိုယ်စားလှယ်တွေဟာ ဘယ်လိုမှ တရားဝင်ရပ်တည်နိုင်မှု မရှိတဲ့အတွက် ဒို့တပ်မတော်အနေနဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်ကို ခေတ္တရယူထိန်းသိမ်းခဲ့ရတယ်။ ဒီလိုထိန်းသိမ်းခဲ့ရခြင်းဟာ တပ်မတော်အနေနဲ့ ပြည်သူအများ လိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ပေးရမယ့် တာဝန်အရ ဆောင်ရွက်ခဲ့ရခြင်းသာဖြစ်တယ်။ လက်ရှိအချိန်မှာ ဒို့တပ်မတော်အနေနဲ့ ပေးထားတဲ့ကတိအတိုင်း ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်လို့ ဒို့တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာစေရေးအတွက် ရွေးကောက်ပွဲကတစ်ဆင့် အသစ်ပေါ်ထွန်းလာမယ့် အစိုးရသစ်ကို အထောက်အကူပြု ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတစ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ အဲဒီနိုင်ငံရဲ့ ရေရှည်အကျိုးစီးပွားကို ဖော်ဆောင်နိုင်ဖို့အတွက် ဖြစ်သင့်ဖြစ်ထိုက်တာတွေကို ဦးတည်ရေးဆွဲပြီး ပြဋ္ဌာန်းရတဲ့ ပင်မဥပဒေတစ်ရပ်ဖြစ်တယ်။ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံရဲ့ ပေါ်ပေါက်လာပုံ၊ သမိုင်းကြောင်းနောက်ခံအနေအထား၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ အခြားအခြေခံအချက်အလက်တွေကို မူတည်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရတာဖြစ်တယ်။ ဒို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှာလည်း တပ်မတော်ရဲ့ အခန်းကဏ္ဍများကို ထည့်သွင်းဖော်ပြထားတာ၊ **"ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ဖို့"** တပ်မတော်ကို တာဝန်ပေးထားတာတွေဟာ အတိတ်သမိုင်းစဉ်မှာ ကြုံတွေ့ခဲ့ရတဲ့ အားနည်းချက်တွေကို သင်ခန်းစာဖော်ထုတ်ပြီး ဒို့နိုင်ငံရဲ့ ပကတိအရှိတရားအရ မဖြစ်မနေလိုအပ်လို့ ထည့်သွင်းပြဋ္ဌာန်းထားတာဖြစ်တယ်။

ဒ့ါအပြင် **"နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ဆောင်ရွက်နိုင်ရေးကို အစဉ်တစိုက် ဦးတည်သည်"** ဆိုတဲ့အချက်ကို ထည့်သွင်းပြဋ္ဌာန်းထားခြင်းဟာလည်း အဆိုးမြင်ဝါဒီများ လှုံ့ဆော်နေသလိုတပ်မတော်ဟာ နိုင်ငံရေးကို ဦးဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးအတွက်

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

- ❖ **လွတ်လပ်ရေးဆိုတာ အချုပ်အခြာအာဏာပိုင်ခြင်းဖြစ်ပြီး ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးဆိုတဲ့ အာဏာကြီး (၃) ရပ်ကို နိုင်ငံသားတိုင်းက ကိုယ့်တိုင်းပြည်အခြေအနေနဲ့ ကိုက်ညီအောင် လွတ်လွတ်လပ်လပ်ဆုံးဖြတ်ပြဋ္ဌာန်းပြီး စီမံဆောင်ရွက်ပိုင်ခွင့်ရှိမှုပဲဖြစ်**
- ❖ **အသက်၊ သွေး၊ ချွေး ဆုံးရှုံးမှုပေါင်းများစွာနဲ့ ရယူခဲ့တဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမှာက ဒို့တပ်မတော်သားတွေအပါအဝင် နိုင်ငံသားအားလုံးရဲ့ မွေးရာပါ သမိုင်းပေးတာဝန်ဖြစ်**
- ❖ **လက်ရှိအချိန်မှာ ဒို့တပ်မတော်အနေနဲ့ ပေးထားတဲ့ကတိအတိုင်း ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်လို့ ဒို့တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာစေရေးအတွက် ရွေးကောက်ပွဲကတစ်ဆင့် အသစ်ပေါ်ထွန်းလာမယ့်အစိုးရသစ်ကို အထောက်အကူပြု ဆောင်ရွက်သွားမှာဖြစ်**

☆ စာမျက်နှာ ၃ မှ

အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍမှာ ဒို့နိုင်ငံရဲ့လိုအပ်ချက်အရ တပ်မတော်အနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ဖို့ ပြဋ္ဌာန်းထားခြင်း ဖြစ်တယ်ဆိုတာကို ရဲဘော်တို့အနေနဲ့ သိရှိနားလည်ထားကြရမှာဖြစ်တယ်။ အမျိုးသားနိုင်ငံရေးဆိုတာ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်တဲ့ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဆိုတဲ့ ဒို့တာဝန်အရေး(၃)ပါးအပေါ်မှာအခြေခံပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို အစဉ်ရှေးရှုဖော်ဆောင်ဖို့ရည်ရွယ်တဲ့ ထာဝရတည်မြဲတဲ့ နိုင်ငံရေးပဲဖြစ်တယ်။ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ ဒို့တပ်မတော်ရဲ့ ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်မှုဟာ သမိုင်းပေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်ရန်ပဲဖြစ်တယ်။ ဒါကြောင့် ဒို့တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့အကျိုးကို ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ကို အင်အားတောင့်တင်းပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိတဲ့ ခေတ်မီတပ်မတော်ဖြစ်စေရေးအတွက် ရည်မှန်းချက်ထား ဖွဲ့စည်းတည်ဆောက်လျက်ရှိတယ်။ ဒီလိုတည်ဆောက်တဲ့နေရာမှာ တိုက်စွမ်းရည်ပြည့်ဝစေဖို့အတွက် လေ့ကျင့်ရေးဟာ အဓိကမဏ္ဍိုင်တစ်ခုဖြစ်တယ်။ ဒါကြောင့် စစ်သည်တစ်ဦးချင်းစီအလိုက် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုရှိရမယ့် အရည်အချင်းများနဲ့ တပ်ဖွဲ့တစ်ခုချင်းစီအလိုက် ရှိရမယ့်အရည်အချင်းများ တိုးတက်လာအောင် **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ လေ့ကျင့်မှုတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရမှာဖြစ်တယ်။ တိုက်စွမ်းအား ပြည့်ဝစေဖို့ဆိုရင် ခေတ်မီစစ်လက်နက်ပစ္စည်းများကို တပ်ဆင်ပေးသွားရမှာဖြစ်ပြီး ဒီလိုတပ်ဆင်ပေးနိုင်ဖို့အတွက် ပြည်တွင်းမှာပဲ သုတေသနပြုတီထွင်ထုတ်လုပ်လျက်ရှိသလို လိုအပ်တဲ့ဝယ်ယူဖြည့်တင်းမှုတွေလည်း ပြုလုပ်လျက်ရှိတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ဟာ နိုင်ငံတော်အတွက် အားထားဖွယ်ရာ အဖွဲ့အစည်းအဖြစ် ရပ်တည်နေနိုင်ခြင်းဟာ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှုတို့ကြောင့်ဖြစ်တယ်။ ဒို့တပ်မတော် စတင်သန္ဓေတည်ခဲ့တဲ့ BIA လက်ထက် မျိုးချစ်စိတ်ဓာတ်ပြင်းထန်မှု၊ BDA လက်ထက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှုတွေကို စနစ်တကျပေါင်းစပ်ပြီး ပြည်သူလူထုတစ်ရပ်လုံးနဲ့ ပူးပေါင်းတိုက်ခိုက်ခဲ့တာကြောင့် ဖက်ဆစ်တော်လှန်ရေးကြီးကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့တာပဲဖြစ်တယ်။ ဒါဟာ ဒို့တပ်မတော်ရဲ့ မှတ်ကျောက်တင်နိုင်ခဲ့တဲ့ အတိတ်သမိုင်းသာဓကတွေပဲဖြစ်တယ်။ ဒါကြောင့် ဒို့တပ်မတော်သားအားလုံးအနေနဲ့ အတိတ်သမိုင်းကြောင်းများကို နှံ့စပ်စွာသိမြင်နားလည်ကာ မျိုးချစ်စိတ်ဓာတ်ကိုအရင်းခံပြီး စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်တဲ့၊ အမိန့်နာခံတတ်မှုနဲ့ ပြည့်စုံတဲ့ တပ်မတော်တစ်ရပ်ဖြစ်စေရေး ကိုယ်စီကြိုးစားကျင့်ကြံသွားကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

**ရဲဘော်တို့**

ပြည်ပကျူးကျော်သူတွေနဲ့ ကိုယ်ကျိုးရှာ နိုင်ငံရေးအင်အားစုတွေဟာ ဒို့တပ်မတော်ကို ပြိုကွဲအောင်ဖြိုခွဲဖို့အတွက် အတိတ်ကာလမှာ နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်ခဲ့ကြသလို လက်ရှိပစ္စုပ္ပန်ကာလမှာလည်း ဆောင်ရွက်နေကြဆဲဖြစ်တယ်။ အဲဒီလို လုပ်ဆောင်မှုတွေ ရှိနေပေမယ့်လည်း **“ဘယ်သူခွဲခွဲ ဒို့မကွဲ၊ အမြဲ စည်းလုံးမည်”** ဆိုတဲ့ တပ်မတော်ရဲ့ဆောင်ပုဒ်နဲ့အညီ တပ်တွင်းစည်းလုံးညီညွတ်ရေးကို ပိုမိုကျစ်လျစ်ခိုင်မာအောင် တည်ဆောက်သွားကြရမှာဖြစ်တယ်။

အခြေခံကျတဲ့တပ်တွင်းစည်းလုံးညီညွတ်ရေးကို ခိုင်မာအောင်တည်ဆောက်ကြရမှာ ဖြစ်သလို တစ်ဖက်ကလည်း လက်တွေ့ဆန်တဲ့ တပ်ပြင်စည်းရုံးရေးလုပ်ငန်းတွေကိုလည်း အလေးထားလုပ်ဆောင်ကြရမှာဖြစ်တယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒို့တပ်မတော်သားတွေအနေနဲ့ **“ပြည်သူသာ အမိ၊ ပြည်သူသာ အဖ”** လို့ သဘောထားပြီး ဆောင်ရွက်သွားကြဖို့ လိုအပ်တယ်။

**ရဲဘော်တို့**

ဖက်ဒရယ်အရေး၊ ဒီမိုကရေစီအရေးနဲ့ တိုင်းရင်းသားလူမျိုးရေးကို အကြောင်းပြပြီး လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်လိုတဲ့ အကြမ်းဖက်သမားများဟာ မူးယစ်ဆေးဝါးကုန်သွယ်မှုနဲ့ အဓိကဝင်ငွေရှာဖွေနေကြပြီး Online လိမ်လည်မှုနဲ့ Online လောင်းကစားမှုများအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများကိုလည်း ကျူးလွန်လျက်ရှိနေကြတယ်။ ဒီကိစ္စတွေဟာ အကြမ်းဖက်သောင်းကျန်းသူများ သက်ဆိုးရှည်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အန္တရာယ်ပေးနေတာကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အထူးစစ်ဆင်ရေးများနဲ့ တိုက်ဖျက်လျက်ရှိပြီး ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းလက်တွဲတိုက်ဖျက်လျက်ရှိကြောင်း အသိပေးပြောကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတစ်နိုင်ငံရဲ့ လုံခြုံရေးကဏ္ဍကို အသေးစိတ်လေ့လာကြည့်ရင် အခြေခံအကျဆုံးအချက်ဟာ ပြည်သူတစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝနဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုဖြစ်ကြောင်း တွေ့မြင်ရမှာဖြစ်တယ်။ ပြည်သူ့လုံခြုံရေးစနစ် ရာနှုန်းပြည့် လွှမ်းခြုံနိုင်ဖို့ဆိုရင် ပြည်သူတစ်ဦးချင်းစီတိုင်းမှာ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတွေရှိနေဖို့လည်း လိုအပ်တယ်။

ဒို့နိုင်ငံအနေနဲ့လည်း ဖြစ်ပေါ်လာတဲ့ အကြမ်းဖက်ဖြစ်စဉ်များကို တားဆီးနှိမ်နင်းနိုင်ဖို့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေကို စနစ်တကျလေ့ကျင့်ဖွဲ့စည်းပြီး ပြည်သူ့လုံခြုံရေး (People Security) လုပ်ငန်းစဉ်တွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိတယ်။ ဒီလိုဆောင်ရွက်ရာမှာ နယ်မြေဒေသလုံခြုံရေးအတွက် ပြည်သူ့စစ်နဲ့ တိုင်းပြည်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းစနစ်ကို ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေတယ်။ ကမ္ဘာမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေတဲ့ နိုင်ငံများရှိနေတာကိုလည်း တွေ့မြင်နိုင်တယ်။ ပြည်သူများအနေနဲ့ ပြည်သူ့လူမှုစီးပွားဘဝ လုံခြုံမှုအပြည့်အဝရရှိစေဖို့အတွက် ပြည်သူ့လုံခြုံရေးလုပ်ငန်းစဉ်တွေမှာ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တာဝန်အရေး(၃)ပါးထဲက တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုတဲ့အချက်ဟာ ဒို့နိုင်ငံရဲ့ ပကတိလိုအပ်ချက်ဖြစ်တဲ့ ထာဝရငြိမ်းချမ်းရေးကို ညွှန်းဆိုခြင်းပဲဖြစ်တယ်။ ထာဝရငြိမ်းချမ်းရေးက ထွက်ပေါ်လာတဲ့ ရလဒ်ကောင်းတွေဟာ တပ်မတော်တစ်ရပ်၊ အဖွဲ့အစည်းတစ်ရပ်အတွက်မဟုတ်ဘဲ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် ဆိုတာကို လေးလေးနက်နက် သိမြင်ကြဖို့လိုအပ်တယ်။ ဒါကြောင့် ခေတ်အဆက်ဆက် တိုင်းရင်းသားလက်နက်ကိုင်များနဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကိုလည်း ကြိုးစားဆောင်ရွက်ခဲ့တာ တွေ့ရမှာဖြစ်တယ်။

တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးကို စတင်ထုတ်ပြန်ခဲ့ပြီး တစ်ဖက်သတ်အပစ်အခတ်ရပ်စဲမှုတွေကိုလိုက်လျောဆောင်ရွက်ပေးခဲ့တယ်။ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ရက်မှာ **“ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို မိမိကိုယ်တိုင် တွေ့ဆုံဆွေးနွေးမှုပြုလုပ်သွားမယ်”** ဆိုတဲ့ ငြိမ်းချမ်းရေးမိန့်ခွန်းနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များနဲ့ ကိုယ်တိုင်ကိုယ်ကျဆွေးနွေးမှုတွေ ပြုလုပ်နိုင်ခဲ့တယ်။ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်ဖြည့်စွက်ရန်အတွက် သဘောတူညီချက် ၄၃ ချက်ကို လက်မှတ်ရေးထိုးအတည်ပြုနိုင်ခဲ့တဲ့အပြင် ယခင်အစိုးရများလက်ထက် ငြိမ်းချမ်းရေးညီလာခံရလဒ်များမှ စုစည်းထားတဲ့ ပြည်ထောင်စုသဘောတူညီချက် (Union Accord) များကို ပြည်ထောင်စုလွှတ်တော်မှာ စုစည်းတင်ပြပြီး ပြင်ဆင်နိုင်ရေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့နိုင်ငံအနေနဲ့ နိုင်ငံရေးစနစ်အရ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတာဖြစ်ပြီး နိုင်ငံတော်ရဲ့ဖွဲ့စည်းတည်ဆောက်ပုံစနစ်အရ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး ခိုင်မာစေရေးကို ဦးတည်လျှောက်လှမ်းနေတာပဲဖြစ်တယ်။ ဖက်ဒရယ်စနစ်ဆိုတာ လူပုဂ္ဂိုလ်၊ လူမျိုးအတွက် ရည်ညွှန်းတာမဟုတ်ဘဲ ဒေသတစ်ခု၊ နယ်မြေတစ်ခုအပေါ် ရည်ညွှန်းဆောင်ရွက်ရတာဖြစ်တယ်။ ဒို့နိုင်ငံအနေနဲ့ ဖက်ဒရယ်စနစ်ကို ဖော်ဆောင်ကျင့်သုံးရာမှာလည်း ဖြတ်သန်းခဲ့ရတဲ့ သမိုင်းအဆက်ဆက်ရဲ့ အတွေ့အကြုံတွေအရ မိမိတို့နိုင်ငံနဲ့ကိုက်ညီတဲ့ ဒေသကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ကို ကျင့်သုံးသွားမှာဖြစ်တယ်။

ယခုဆိုရင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကတစ်ဆင့် ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မယ့် ပြည်သူ့ကိုယ်စားလှယ်တွေ ထွက်ပေါ်ခဲ့ပြီး လွှတ်တော်အသီးသီးရဲ့အစည်းအဝေးများ စတင်ကျင်းပနေပြီ ဖြစ်တယ်။ ပြည်သူတစ်ဦးချင်းစီက စက်ခလုတ်နှိပ်ပြီးပေးခဲ့ကြတဲ့ မဲတစ်မဲစီဟာ ပြည်သူတစ်ဦးချင်းစီရဲ့ ဦးနှောက်နဲ့ နှလုံးသားများဖြစ်လို့ ပေါ်ထွက်လာခဲ့တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဟာလည်း နိုင်ငံ့အရေးကို အမြော်အမြင်ရှိရှိ၊ သစ္စာရှိရှိနဲ့ အလေးအနက်ထား ကြိုးပမ်းထမ်းရွက်ကြဖို့ လိုအပ်မှာပဲဖြစ်တယ်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေနဲ့လည်း ခိုင်မာတဲ့အစိုးရတစ်ရပ်ပေါ်ပေါက်ပြီး နိုင်ငံရေးခရီးလမ်းမှာ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်တဲ့အထိ ဆောင်ရွက်ပေးသွားမှာဖြစ်သလို တပ်မတော်အနေနဲ့လည်း နိုင်ငံ့အရေးအတွက် အမြဲအသင့်ရှိနေမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ ဒို့တပ်မတော်ဟာ ခေတ်အဆက်ဆက် နိုင်ငံတော်နဲ့ ပြည်သူလူထုအကျိုးကို ဦးထိပ်ထားတာဝန်ထမ်းဆောင်ခဲ့တယ်။ လက်ရှိကာလမှာလည်း **“ပြည်သူသာ အမိ၊ ပြည်သူသာ အဖ”** ဆိုတဲ့ခံယူချက်နဲ့ နိုင်ငံနဲ့ပြည်သူ့အကျိုးကို ကာကွယ်လျက်ရှိနေတယ်။ နောင်မှာလည်း ပြည်သူကအားကိုးရတဲ့၊ နိုင်ငံတော်က အားထားရတဲ့ ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် ခိုင်ခိုင်မာမာရပ်တည်သွားကြပါစို့လို့ပြောကြားရင်း နိဂုံးချုပ်လိုက်တယ်။

**❖ ဒို့နိုင်ငံအနေနဲ့ နိုင်ငံရေးစနစ်အရ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတာဖြစ်ပြီး နိုင်ငံတော်ရဲ့ဖွဲ့စည်းတည်ဆောက်ပုံစနစ်အရ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးခိုင်မာစေရေးကို ဦးတည်လျှောက်လှမ်းနေတာပဲဖြစ်**

**❖ ဖက်ဒရယ်စနစ်ဆိုတာ လူပုဂ္ဂိုလ်၊ လူမျိုးအတွက် ရည်ညွှန်းတာမဟုတ်ဘဲ ဒေသတစ်ခု၊ နယ်မြေတစ်ခုအပေါ် ရည်ညွှန်းဆောင်ရွက်ရတာဖြစ်တယ်။ ဒို့နိုင်ငံအနေနဲ့ ဖက်ဒရယ်စနစ်ကို ဖော်ဆောင်ကျင့်သုံးရာမှာလည်း ဖြတ်သန်းခဲ့ရတဲ့ သမိုင်းအဆက်ဆက်ရဲ့ အတွေ့အကြုံတွေအရ မိမိတို့နိုင်ငံနဲ့ကိုက်ညီတဲ့ ဒေသကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ကို ကျင့်သုံးသွားမှာဖြစ်**

**❖ နိုင်ငံတစ်နိုင်ငံရဲ့ လုံခြုံရေးကဏ္ဍကို အသေးစိတ်လေ့လာကြည့်ရင် အခြေခံအကျဆုံးအချက်ဟာ ပြည်သူတစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝနဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုဖြစ်ကြောင်း တွေ့မြင်ရမှာဖြစ်**

**❖ ပြည်သူ့လုံခြုံရေးစနစ် ရာနှုန်းပြည့် လွှမ်းခြုံနိုင်ဖို့ဆိုရင် ပြည်သူတစ်ဦးချင်းစီတိုင်းမှာ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတွေရှိနေဖို့လည်း လိုအပ်**

**❖ ပြည်သူများအနေနဲ့ ပြည်သူ့လူမှုစီးပွားဘဝလုံခြုံမှုအပြည့်အဝရရှိစေဖို့အတွက် ပြည်သူ့လုံခြုံရေး လုပ်ငန်းစဉ်တွေမှာ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလို**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား စစ်ရေးပြစစ်ကြောင်းကြီးများက ချီတက်အလေးပြုစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းအတွင်းရှိ သတ်မှတ်နေရာ၌ ဆက်လက်နေရာယူပြီး ယန္တရားစစ်ကြောင်းမှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းအောင် ဦးဆောင်၍ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ ဒုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု ယန္တရားတပ်ခွဲတို့က ချီတက်နေရာယူကြပြီး ဘက်ပိုက်တပ်စုက သတ်မှတ်နေရာတွင် နေရာယူသည်။

ယင်းနောက် တပ်ခွဲမှူး ဗိုလ်ကြီး ဒေါ်နှင်းနုရှိန် ဦးဆောင်သည့် တပ်မတော်(ကြည်း) အထူးတာဝန်တပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲနှင့် တပ်ခွဲမှူး ဗိုလ်မှူး ဝင်းသူထွန်း ဦးဆောင်သည့် တပ်မတော်(ရေ) အထူးတာဝန်တပ်ဖွဲ့ စစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြကွင်းကြီးအတွင်းသို့ ချီတက်နေရာယူကြသည်။

ဆက်လက်ပြီး စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် ရဲရင့်ဝင်း ဦးဆောင်၍ အလံတော်အဖွဲ့၊ ၎င်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ကျော်မြဝင်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူး ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ပါဝင်သည့် အနော်ရထာစစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် အောင်ကိုနိုင် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ စစ်ကြောင်းကြီးများချီတက်ချိန်တွင် စစ်သည်များအား ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုစဉ်။

အရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ပါဝင်သည့် ကျန်စစ်သားစစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် မျိုးဟိန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄) တို့ပါဝင်သည့် ဘုရင့်နောင်စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းထက် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု အမျိုးသမီး စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု အမျိုးသမီးစစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု အမျိုးသမီး စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု အမျိုးသမီး (ပညာသည်) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၄)တို့ပါဝင်သည့် အောင်ဇေယျစစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဇော်ဇော်ထွန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) **စာမျက်နှာ ၆ သို့ »»»**




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည် မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ၊ ရုပ်ရှင်ဂီတ အနုပညာရှင်များ၊ ဒေသခံ မိဘပြည်သူများက စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။



ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် စည်သူ ရဲဝင်းဦးနှင့် ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းတို့ အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများအား တွေ့ရစဉ်။

»»» စာမျက်နှာ ၅ မှ

ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု အမျိုးသမီး (ပညာသည်) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)တို့ ပါဝင်သည့် ဆင်ဖြူရှင်စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဖေသက်ထွန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ လေကြောင်းချီ စစ်ရေးပြတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လျှပ်စစ်နှင့် စက်မှု အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် ဗန္ဓုလစစ်ကြောင်း။

စစ်ကြောင်းမှူး ရဲမှူးချုပ် ဝင်းဇော်နိုင် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု အမျိုးသမီးစစ်ရေးပြ တပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု အမျိုးသမီးစစ်ရေးပြ တပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု အမျိုးသမီးစစ်ရေးပြ တပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၃)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)တို့ ပါဝင်သည့် အောင်ဆန်းစစ်ကြောင်းတို့က စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ စစ်ရေးပြကွင်းအတွင်းသို့ အစီအစဉ်အတိုင်း ချီတက်ကြသည်။

ထိုသို့ချီတက်ချိန်တွင် နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများက ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ယန္တရားစစ်ကြောင်းကြီးများ ချီတက်လာစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ၊ ရုပ်ရှင်ဂီတ အနုပညာရှင်များ၊ ဒေသခံ မိဘပြည်သူများကလည်း စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက် သောင်းသောင်းဖြဖြ ကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုခဲ့ကြပြီး စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုချီတက်လာကြပြီး စစ်ရေးပြကွင်းအတွင်းသို့ ရောက်ရှိနေရာယူကြသည်။



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်လာစဉ်။

အဆိုပါ (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် စည်သူ ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် သရေစည်သူ ကျော်စွာလင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် စည်သူ ထွန်းအောင်၊ ကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ လွှတ်လပ်ရေး မော်ကွန်းဝင် ပုဂ္ဂိုလ်ကြီးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစား သံအမတ်ကြီးများ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိခဲ့ကြသည့် အရာရှိ၊ တပ်မတော်သား မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့် ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်

စာမျက်နှာ ၇ သို့ »»»





(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။





(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။

»»» **စာမျက်နှာ ၆ မှ**

တာဝန်ရှိသူများ၊ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့ အလှူရှင်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းသို့ရောက်ရှိပြီး အလေးပြုခံစင်မြင့်၌ နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။ ထိုသို့ စစ်ကြောင်းကြီးများ၏ အလေးပြုခြင်းကို ခံယူနေချိန်တွင် ဂုဏ်ပြုအမြောက်တပ်ဖွဲ့ကလည်း အမြောက် ၁၉ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်သည်။

ထိုသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စစ်ရေးပြကွင်းသို့ ရောက်ရှိစဉ် MiG–29 ဘက်စုံသုံး တိုက်လေယာဉ် တစ်စင်းက ရှုရပ်ရှေ့တည့်တည့်မှ မီးကျည်များ ထုတ်လွှတ်၍ အလေးပြုပျံသန်းသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားသည်။ **(မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၃၊ ၄ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲရင့်ဝင်း ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ညီညာစွာ ချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။


ထိုသို့ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ MTX– 1A လေယာဉ် တစ်စင်းနှင့် PT–6 လေယာဉ် နှစ်စင်းတို့က ရှုရပ်၏ ရှေ့တည့်တည့်မှ Composite Formation ပုံစံဖြင့် လည်းကောင်း၊ Mi–17 ရဟတ်ယာဉ် နှစ်စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍လည်းကောင်း၊ Mi–2M ရဟတ်ယာဉ် နှစ်စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍လည်းကောင်း၊ H–125 ရဟတ်ယာဉ် နှစ်စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍လည်းကောင်း၊ Bell–206 ရဟတ်ယာဉ် နှစ်စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍လည်းကောင်း၊ Eurocopter ရဟတ်ယာဉ် နှစ်စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍လည်းကောင်း၊ H–125 ရဟတ်ယာဉ် နှစ်စင်းက ရှုရပ်၏ အရှေ့ဘယ် ၄၅ ဒီဂရီမြင်ကွင်းမှ ဝင်ရောက်လာပြီး Echelon Formation ပုံစံဖြင့် ဒုတိယအကြိမ် ပျံသန်း၍လည်းကောင်း၊ Bell–206 ရဟတ်ယာဉ် နှစ်စင်းက ရှုရပ်၏ ရှေ့တည့်တည့်မှ ဝင်ရောက်ပြီး Echelon Formation ပုံစံဖြင့် ဒုတိယအကြိမ် ပျံသန်း၍လည်းကောင်း၊ Eurocopter ရဟတ်ယာဉ် နှစ်စင်းက ရှုရပ်၏ အရှေ့ညာ ၄၅ ဒီဂရီမှ ဝင်ရောက်လာပြီး Echelon Formation ပုံစံဖြင့် ဒုတိယအကြိမ် ပျံသန်း၍လည်းကောင်း၊ BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ် တစ်စင်းက ရှုရပ်၏ အရှေ့ဘယ် ၄၅ ဒီဂရီ မြင်ကွင်းမှပျံသန်း၍ လည်းကောင်း၊

**စာမျက်နှာ ၈ သို့** »»»



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ယန္တရားစစ်ကြောင်းကြီးများ ချီတက်လာစဉ်။





စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ လေယာဉ်များ သရုပ်ပြပျံသန်းကြစဉ်။

»»» စာမျက်နှာ ၇ မှ

BEECH 1900D အမျိုးအစားသယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းက ရှုရပ်၏ အရှေ့ညာ ၄၅ ဒီဂရီမြင်ကွင်းမှ ပျံသန်း၍ လည်းကောင်း၊ATR 72 သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းက ရှုရပ်၏ ရှေ့တည့်တည့်မှ ပျံသန်း၍လည်းကောင်း၊ K-8 W တိုက်ခိုက်ရေး လေယာဉ် နှစ်စင်းက Echelon Formation ပုံစံဖြင့် ရှုရပ်၏ ရှေ့ညာ ၄၅ ဒီဂရီ မြင်ကွင်းမှ ပျံသန်း၍ လည်းကောင်း၊ Su-30 SME စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်သုံးစင်းက ရှုရပ်၏အရှေ့ဘယ် ၄၅ ဒီဂရီမြင်ကွင်းမှ ဝင်ရောက်ကာ Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ Su-30 SME စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်သုံးစင်းက ပွဲကြည့်စင်နောက်မှ ရှုရပ်၏ အရှေ့ဘက်သို့ပျံသန်း၍ Flare မီးကျည်များ ထုတ်လွှတ်၍လည်းကောင်း အသီးသီး သရုပ်ပြပျံသန်းကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

ယင်းနောက်နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကာ စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာခဲ့ပြီး ၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

(၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ ကျင်းပသော နေပြည်တော် စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ကြေးရုပ်တုကြီးများကို လည်းကောင်း၊ တပ်မတော်နေ့ မီးရှူးတိုင်နှင့် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တံဆိပ်ကြီးကို လည်းကောင်း ဝင့်ထည်စွာတွေ့မြင်နိုင်သည့်အပြင် ဗမာ့လွတ်လပ်ရေးတပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ညွှန်ကြားရေးမှူးရုံး အလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ် အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ အမှတ်တံဆိပ်ပါ ရောင်စုံအလံများ တလွင့်လွင့်လွှင့်ထူထားကြသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပြီး စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင် အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့် လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များအသုံးပြု၍ စစ်ကြောင်းကြီးများ၏ ကိုယ်စားပြုအရောင်များ အတိုင်း ပြောင်းလဲအလှဆင်၍ လည်းကောင်း၊ လမ်းဘေးဝဲ၊ ယာ တစ်လျှောက်၌လည်း မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍ လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့် မျက်နှာမူရာရှိသစ်ပင်များ၌လည်း Handmade အလှမီးများဖြင့် လည်းကောင်း၊ မင်းကြီးသုံးပါး ရုပ်တုအောက်ခံ၌ တပ်မတော်အလံ ပုံဖော်ထားသည့် ကြယ်တံဆိပ် နှစ်ခုအား LED Strip Light များဖြင့် လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြန်လည် ထွက်ခွာမည့် လမ်းတစ်လျှောက်တွင်လည်း Flag Light Box များ၊ LED Strip Light များဖြင့် အသီးသီးပုံဖော် အလှဆင်ထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်လာစဉ်။

ထို့အပြင် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေး ကားလမ်းမနှင့် ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဓာတ်သွေး၊ ဓာတ်မာန် တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိပြီး စစ်ရေးပြကွင်းကြီးသို့ ချီတက်ရာ လမ်းတစ်လျှောက်တွင် လည်း တပ်မတော်၏ ဆောင်ပုဒ်များကို LED ဆိုင်းဘုတ်များအသုံးပြု၍ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် စာတန်းများ ရေးထိုးထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



စစ်ရေးပြစစ်ကြောင်းကြီးများ စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်တပ်မတော်အရာရှိကြီးများ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချအလေးပြု



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်တပ်မတော်အရာရှိကြီးများ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် အသက်စွန့်လွှတ်ပေးလှူခဲ့ရသည့် သူရဲကောင်းစစ်သည်များအား အလေးပြုကြစဉ်။

**နေပြည်တော် မတ် ၂၇**

ယနေ့တွင် ကျရောက်သည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန် (နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချ အလေးပြုခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း တက်ရောက်၍ ဂုဏ်ပြုပန်းခြင်းချ အလေးပြုသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦး၊ ကော်မရှင် အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်၊ အငြိမ်းစား တပ်မတော် အရာရှိကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း သူရဲကောင်းဗိမာန် (နေပြည်တော်) ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် တပ်မတော် အရာရှိကြီးများသည် သူရဲကောင်းဗိမာန် အတွင်းနှင့် ရင်ပြင်တွင် နေရာယူကြကာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုပန်းခြင်းချပြီး တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် အသက်စွန့်လွှတ်ပေးလှူခဲ့ရသည့် သူရဲကောင်းစစ်သည်များအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများသည် သူရဲကောင်းဗိမာန် (နေပြည်တော်) ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြပြီး သူရဲကောင်းဗိမာန် အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ သူရဲကောင်းဗိမာန် (နေပြည်တော်)ကို နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အသက်ကို စွန့်လွှတ်ခဲ့ရသည့် မြန်မာသူရဲကောင်းများကို ဂုဏ်ပြုရန်၊ အချုပ်အခြာအာဏာနှင့် လွတ်လပ်စွာအုပ်ချုပ်ခွင့် ရရှိပြီးသည့်နောက် အသိအမှတ်ပြုဖွယ်ရာ ရဲစွမ်းသတ္တိရှိစွာ ကြိုးစားအားထုတ်မှုများ ပြုလုပ်ရာတွင် အသက်ကို စွန့်လွှတ်ခဲ့သည့် သူရဲကောင်းများကို ဂုဏ်ပြုရန်၊ ယင်းသူရဲကောင်းများအား နောင်လာနောက်သားများ အမြဲ အမှတ်ရနေစေရန်နှင့် မျိုးဆက်သစ်လူငယ်များ၏ စိတ်ထဲတွင် နိုင်ငံတော်ကို ချစ်သည့်စိတ်နှင့် နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားလိုသည့် စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗိမာန်အတွင်းနံရံများ၌ နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရင်း အသက်စွန့်လွှတ်ပေးလှူခဲ့ရသည့် အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူ၊ သီဟသူရဘွဲ့ရရှိခဲ့သူ၊ သူရဘွဲ့ရရှိခဲ့သူ၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိခဲ့သူများ၏ အမည်များကို ဂရင်းနိုက် ကျောက်ပြားပေါ်၌ ရွှေစာလုံးများဖြင့် ရေးထွင်းမှတ်တမ်းတင် ဂုဏ်ပြုထားရှိကြောင်းနှင့် ဗိမာန်၏အပြင်ဘက်တွင်လည်း အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူ စစ်သည် ငါးဦးနှင့် အရပ်သားတစ်ဦးတို့၏ ပုံတူများကို ဂုဏ်ပြုစိုက်ထူထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

**❂ အာဆီယံမှ**

(YCDC Dream Team)၊ ညီညီသန့် (TG United)၊ ကစားသမား-ဆက်ဝေယံ၊ မင်းခန့်သူ၊ ထွန်းအောင်ကျော်၊ သက်ထွန်း (MIU)၊ သိုင်းဘွဲ့အောင်၊ မင်းချစ်သူ၊ မျိုးမင်းလှိုင်၊ ထွန်းထွန်းဝင်း (M2K)၊ နိုင်ထွန်းလူ (SGF)၊ ဟဲမာဌေး (Team Lions)၊ ဝေယံဖြိုး၊ ကျော်ဇေသိန်း (VUC)၊ ကိုကိုလွင်၊ ထွဋ်ဝေထွန်း (YRG) တို့ ပါဝင်ကြသည်။

၂၀၂၆ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ဧပြီ ၆ ရက်မှ ၁၂ ရက်အထိ ထိုင်းနိုင်ငံ၌ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (A)တွင် ထိုင်း၊ ဗီယက်နမ်၊ တီမောအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေကာ အုပ်စု(B)တွင် အင်ဒိုနီးရှား၊ ဩစတြေးလျ၊ မလေးရှား၊ ဘရူနိုင်းအသင်းတို့ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဧပြီ ၆ ရက်တွင် ဗီယက်နမ်အသင်း၊ ဧပြီ ၇ ရက်တွင် ထိုင်းအသင်း၊ ဧပြီ ၉ ရက်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

---

## မြစ်သားမြို့နယ် ရွှေကြာအင်းကျေးရွာ၌ ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မြစ်သား မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ရွှေကြာအင်းကျေးရွာ၌ ဒေသခံတောင်သူများ စီးပွားဖြစ်စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြစ်သားမြို့နယ်အနေဖြင့် ပဲတီစိမ်းသီးနှံစိုက်ပျိုးရာတွင် မတ်လနှင့်ဧပြီလတို့တွင် ကျောက်စိမ်းမျိုးနှင့် ရေဆင်း-၁၁ မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး အထွက်နှုန်းကောင်းမွန်စေရန်အတွက် မိရိုးဖလာပက်ကြဲစနစ်အပြင် သိပ္ပံနည်းကျစိုက်ပျိုးခြင်းဖြစ်သော ပေါင်ကြီးတင်စနစ်များဖြင့် အမျိုးမျိုးစိုက်ပျိုးကြသည်။ ပက်ကြဲစနစ်ဖြင့်စိုက်ပျိုးမည်ဆိုပါက လယ်မြေတစ်ဧကတွင် ပဲတီစိမ်းမျိုးစေ့ လေးပြည်ခန့် အသုံးပြုရပြီး သိပ္ပံနည်းကျ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးပါက ပဲတီစိမ်းမျိုးစေ့ နှစ်ပြည်ခန့် အသုံးပြုစိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုးစေ့၊ မြေပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ မြေဩဇာ၊ ဖျန်းဆေးများနှင့် ခူးဆွတ်ခအပါအဝင် ငွေကျပ် လေးသိန်းခန့် ကုန်ကျသည်။

ပဲတီစိမ်းစိုက်ပျိုးရာတွင် အပင်အပြုအစုနှင့် ရာသီဥတုကောင်းမွန်ပါက တစ်ဧကလျှင် ၁၀ တင်းမှ ၁၇ တင်းအထိ ထွက်ရှိကြောင်း သိရသည်။

**ဝါဝါမြင့် (မြစ်သား)**

---

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**


○ ကျောဖုံးမှ

ကော်မရှင်အဖွဲ့ဝင် ညိုနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များ၏ ကျန်းမာရေး အခြေအနေများအား တစ်ဦးချင်း မေးမြန်းအားပေးစကားပြောကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုပေးအပ်သည့် ဂါရဝပြုချီးမြှင့်ငွေ တစ်ဦးလျှင် ငွေကျပ်သိန်း ၅၀ နှင့် အားဖြည့်ဂှက်သိုက်များကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂါရဝပြု ပေးအပ်သည်။ **(ယာပုံများ)**

**စားသောက်ဖွယ်ရာများ အတူတကွသုံးဆောင်**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများသည် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များနှင့် အတူ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများအတူတကွ သုံးဆောင်ကြသည်။





ယခု ၂၀၂၆ ခုနှစ်တွင် ကျရောက်သော (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေသည့် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များဖြစ်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင် တတိယအဆင့် ဦးအေးသိန်း သည် အသက် ၉၈ နှစ်၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ဦးကျော်စိန် သည် အသက် ၁၀၁ နှစ်နှင့် လွတ်လပ်ရေးမော်ကွန်းဝင် တတိယအဆင့် ဦးဉာဏ်အေး သည် ၁၀၂ နှစ် တို့ဖြစ်ကြပြီး ကျန်းမာ သန်စွမ်းလျက်ရှိကြောင်းနှင့် ဂျပန်ခေတ်တော်လှန်ရေးများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့မှုများကို ပြန်လည်ပြောပြရင်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ကိန်းအောင်းလျက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၈၁)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၇**

(၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ စုရပ်သစ်တပ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ညိုနိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်သရေစည်သူ ကျော်စွာလင်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဦးစွာ ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညိုနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းအား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် ရဲရင့်ဝင်း ဦးဆောင်သည့် စစ်ရေးပြ စစ်ကြောင်းများက အလေးပြုကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညိုနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၁)အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**ပေးအပ်ချီးမြှင့်**

ထို့နောက်ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ် ပြည့်စုံလင်းက ဂုဏ်ပြုဆုများ ရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) အထူးတပ်ဖွဲ့ စစ်ရေးပြတပ်ခွဲ၊ ယန္တရားတပ်ခွဲ ဂုဏ်ပြုဆုများရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံး ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ ဒုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုယန္တရားတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ဂုဏ်ပြု အမြောက်တပ်ခွဲ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ ဗဟိုစစ်တီးဝိုင်း အဖွဲ့၊ လေအိတ်ပလွေတီးဝိုင်းအဖွဲ့၊ အောင်ဇေယျ စစ်ကြောင်း (အမျိုးသမီး)အလံအဖွဲ့၊ မြင်းစီးစစ်ရေးပြ တပ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုရရှိသည့်ဆင်ဖြူရှင် စစ်ကြောင်းစစ်တီးဝိုင်းအဖွဲ့၊ အလံအဖွဲ့ အကောင်းဆုံးဆုရရှိသည့် ဘုရင့်နောင်စစ်ကြောင်း အလံအဖွဲ့၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) (အမျိုးသမီး) တပ်ခွဲ တတိယဆုရရှိသည့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြ တပ်ခွဲ (၁)၊ အကောင်းဆုံးစခန်း တတိယဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ စစ်ချီသီချင်း အကောင်းဆုံးတတိယဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ စစ်စည်းကမ်း အကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ (၁)၊ စစ်ရေးပြ အကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ(၁)တို့ အား ဂုဏ်ပြုဒိုင်းဆုများနှင့် ဂုဏ်ပြု ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက လေ့ကျင့်ရေး အကောင်းဆုံး တတိယဆုရရှိသည့် အနောက်တောင် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လေ့ကျင့်ရေးအကောင်းဆုံး ဒုတိယ ဆုရရှိသည့် အရှေ့ပိုင်းတိုင်းစစ် ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ၊ လေ့ကျင့်ရေးအကောင်းဆုံး ပထမဆုရရှိသည့် မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(အမျိုးသမီး) တပ်ခွဲ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(အမျိုးသား)တပ်ခွဲ ဒုတိယ ဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသား)စစ်ရေးပြ တပ်ခွဲ(၃)၊ တပ်မတော်(ကြည်း၊ ရေ၊လေ) (အမျိုးသမီး)တပ်ခွဲ ဒုတိယဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု (အမျိုးသမီး) တပ်ကြပ်ကြီးစာရေး စစ်ရေးပြ ဂုဏ်ပြုတပ်ခွဲ၊ အကောင်းဆုံးစခန်း ဒုတိယဆုရရှိ သည့် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်း အကောင်းဆုံး ဒုတိယဆုရရှိသည့် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်း အကောင်းဆုံး ဒုတိယဆုရရှိသည့် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသည့် လေကြောင်း ချီတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး)တပ်ခွဲ ပထမဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြဂုဏ်ပြု တပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) တပ်ခွဲ ပထမဆုရရှိ သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြ တပ်ခွဲ(၄)၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသမီး)တပ်ခွဲ ပထမ ဆုရရှိသည့် ကာကွယ်ရေးဦးစီး ချုပ်ရုံး(လေ)ကိုယ်စားပြု (အမျိုး သမီး) စစ်ရေးပြတပ်ခွဲ(၁)၊ အကောင်းဆုံးစခန်း ပထမဆုရရှိ သည့် ဆက်သွယ်ရေး ညွှန်ကြားရေး မှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး ပထမ ဆုရရှိသည့် ကာကွယ်ရေးဦးစီး ချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြ ဂုဏ်ပြုတပ်ခွဲ၊ စစ်စည်းကမ်း အကောင်းဆုံး ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြု တပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ပထမဆုရရှိသည့် လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဂုဏ်ပြုဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေ များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညိုနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းက ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) အုပ်ဖွဲ့ပျံသန်း အဖွဲ့၊ စံပြတပ်ခွဲတတိယဆု ရရှိသည့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသည့် သံချပ်ကာ ယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူး ရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စံပြတပ်ခွဲ ပထမဆုရရှိသည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူး ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲများ အား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် က ထပ်မံပေးအပ်သည့် စစ်ရေးပြ အကောင်းဆုံးတပ်ခွဲများဖြစ်သည့် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး အရာရှိချုပ်ရုံး ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြ တပ်ခွဲ(၁)နှင့် အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး)တပ်ခွဲတို့အား အထူးဆု အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်(ကိုယ်စား) နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ညိုနိုင်းကွပ်ကဲ ရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ် ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညိုနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းက ဂုဏ်ပြုအမှာ စကားပြောကြားပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်များ စုပေါင်းသွေးလှူဒါန်း



နေပြည်တော် မတ် ၂၇

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်များက စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များနှင့် သွေးလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ သွေးအလှူရှင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် သွေးအလှူရှင်များက သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ သွေးလှူဒါန်းနေမှုများကို တိုင်းမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



နေပြည်တော် မတ် ၂၇

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်း ဆောင်ရွက်

မြောင်းမြ မတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် (၈၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းခြင်းကို မြောင်းမြခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့် အဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး စုပေါင်းပါဝင်သွေးလှူဒါန်းပေးခဲ့သည့် မြောင်းမြမြို့နယ်ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့မှ ဝန်ထမ်းများအား အားဖြည့်အစားအစာများ ဖြည့်ဆည်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဇေယျာ(မြောင်းမြ)



# မော်လိုက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

မော်လိုက် မတ် ၂၇

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လိုက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လိုက်မြို့၊ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးတို့က ဝန်ထမ်းများသွေးလှူဒါန်းနေမှုများကို ကြည့်ရှုအားပေးကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြပြီး အားပေးစကား ပြောကြားခဲ့ကြကြောင်း သိရသည်။

ကိုထက်(ပြန်/ဆက်)



# (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

ဇီးကုန်း မတ် ၂၇

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ (၈၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူခြင်းကို ယနေ့ နံနက်ပိုင်းတွင် ဇီးကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင် ဦးဆောင်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်းကာ သွေးလှူဒါန်းသည်။

ထိုသို့ ဆောင်ရွက်ကြရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ကိုကိုနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများကို ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ဖြည့်စွက်အာဟာရများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင့်ဆွေ(ပြန်/ဆက်)



# (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း



ကြို့ပင်ကောက် မတ် ၂၇

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယမန်နေ့ နံနက်ပိုင်းက မြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းသည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးဝန်ထမ်း ၁၀ ဦးအား မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ကူညီဆောင်ရွက်ပေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နေဇင်ယုနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များက သွေးလှူရှင် ဝန်ထမ်းများအား အားဖြည့်ဓာတ်စာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယ စာမေးပွဲ ဓမ္မသင်္ဂဏီပါဠိ အဋ္ဌကထာ(ပထမနေ့) ဖြေဆိုနေမှု လှည့်လည်ဖူးမြော်ကြည်ညို



ရန်ကုန် မတ် ၂၇

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (ပထမနေ့) ဖြေဆိုနေမှုကို လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရှင်သာမဏေဓမ္မဗိမာန်ရှိ စာဖြေဌာနတွင် သံဃာတော်များနှင့် သီလရှင်များ ဖြေဆိုနေမှုကိုလည်းကောင်း၊ အင်းစိန်မြို့နယ် သီရိမင်္ဂလာမဟာသာသနာ့ဗိမာန်တော်ရှိ စာဖြေဌာနတွင် သံဃာတော်များနှင့် သီလရှင်များ ဖြေဆိုနေမှုကိုလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့်မယ်လမုစေတီ သာသနာ့ဗိမာန်တော်ရှိ စာဖြေဌာနတွင် သံဃာတော်များနှင့် သီလရှင်များဖြေဆိုနေမှုကိုလည်းကောင်း လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး စာမေးပွဲကြီးကြပ် ဆရာတော်များ၊ စာဖြေသံဃာတော်များနှင့် သီလရှင်များအား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စာဖြေဌာန (၁၅)ခုတွင် သံဃာတော်နှင့် သီလရှင် စုစုပေါင်း ၃၃၃၄ ပါး ဖြေဆိုခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## တန့်ယန်းမြို့နယ်၌ အောင်တော်မူစေတီ ဗုဒ္ဓသာသနရံသီ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန် ပန္နက်တော်တင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

တန့်ယန်း မတ် ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်း မြို့နယ်တွင် အောင်တော်မူစေတီ ဗုဒ္ဓသာသနရံသီ သာသနာ့ဗိမာန်တော် တည်ဆောက်ရန်အတွက် ပန္နက်တော်တင်မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဗိမာန်တော် တည်ဆောက်မည့် မြေနေရာ၌ ကျင်းပသည်။

အဆိုပါ ပန္နက်တော်တင် မဟာမင်္ဂလာ အခမ်းအနားကို ကိုင်းကုန်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုသလက ဦးဆောင်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်မျိုးမြင့်နှင့် ဇနီး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်မျိုးထွန်းနှင့် ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများ၊ အလှူရှင်များက ဗုဒ္ဓသာသန ရံသီ သာသနာ့ဗိမာန်တော် တည်ဆောက်မည့် မြေနေရာ၌ ပန္နက်တော်များ တင်ပေးကြသည်။



နေမိန္ဒရ ကုန်းတော်ရှိ အောင်တော်မူ စေတီအနီးတွင် သာသနာရေးဆိုင်ရာ အခမ်းအနားများ ကျင်းပနိုင်ရန်အတွက် အလျား ၁၄၅ ပေ၊ အနံ ပေ ၈၀ ရှိ နှစ်ထပ် ဗုဒ္ဓသာသနရံသီ သာသနာ့ဗိမာန် တော်ကြီးကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းလွင်ဦး(တန့်ယန်း)

## သုံးခွမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံ မှတ်ပုံတင်စနစ်အကြောင်း ရှင်းလင်းဆွေးနွေး

သုံးခွ မတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်အကြောင်း ရှင်းလင်းဆွေးနွေးပွဲကို မတ် ၂၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်ဝင်းက ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် CEIR ဖြင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်အား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)



## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၂၇

လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန်အတွက် မြို့နယ်ကျန်းမာရေးအဖွဲ့က ယမန်နေ့နံနက်ပိုင်းတွင် ရပ်ကွက်အသီးသီးသို့ သွားရောက်ကွင်းဆင်း ဆောင်ရွက်ကြသည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး Dr စန်းမာဦးဆောင်၍ ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီး ရေးရာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာများမှ ပြည်သူများ၊ လူထုကျန်းမာရေးလုပ်သားများစုပေါင်း၍ ရပ်ကွက်အတွင်းရှိ လူနေအိမ်များသို့ သွားရောက်၍ သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးကို စုပေါင်းဆောင်ရွက်ကြသည်။

သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းအား မတ် ၂၄ ရက်မှစတင်၍ မြို့နယ်လုံးကျွတ် လွှမ်းခြုံနိုင်သည်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လသာမြို့နယ်၌ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ်ဆိုင်ရာအသိပညာပေး

ရန်ကုန် မတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက လသာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

### အသိပညာပေးဟောပြော

အဆိုပါဟောပြောပွဲတွင် လသာမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်နွယ်အောင်မေက ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်ပိုမိုသိရှိနိုင်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

နေလင်း(ပြန်/ဆက်)



## ကျောက်တန်းမြို့နယ်၌ ကျေးရွာကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ပြီးစီး



ကျောက်တန်း မတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပန်းတောကျေးရွာ၌ မြစိမ်းရောင် (ငါးကဏ္ဍ)က ကျေးရွာကွန်ကရစ်လမ်းခြင်းလုပ်ငန်းပြီးစီး၍ စာရွက်စာတမ်းများ လွှဲပြောင်းပေးပွဲကို မတ် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ယင်းအခမ်းအနားကို ကျောက်တန်းမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်နိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြစိမ်းရောင် (ငါးကဏ္ဍ) ကော်မတီအဖွဲ့ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

အဆိုပါကျေးရွာလမ်းအရှည် ပေ ၁၂၈၀ x ၃ ပေ x ၆ လက်မအား ကွန်ကရစ်ခင်းခြင်းနှင့် အုတ်ပေါင် ကိုးရိုး၊ အမြင့် ၃ ပေ၊ အလျားပေ ၄၂၀ လမ်းဘေးအုတ်ရိုးစီခြင်းအား မြစိမ်းရောင်စီမံကိန်းအတိုးရငွေမှ ငွေကျပ် သိန်း ၂၅၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သန့်ဇင်ထွန်း

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# ဘီလာရုစ်သမ္မတ အလက်ဇန္ဒားလူကာရှန်ကိုနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ တွေ့ဆုံ



ပြုံယမ်း မတ် ၂၇

ဘီလာရုစ်သမ္မတ အလက်ဇန္ဒားလူကာရှန်ကိုနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့က နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ယမန်နေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဘီလာရုစ်သမ္မတ အလက်ဇန္ဒားလူကာရှန်ကိုက မတ် ၂၅ ရက်တွင် ၎င်း၏ ပထမဆုံး တရားဝင်ခရီးစဉ်အဖြစ် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့သည်။

မတ် ၂၆ ရက်တွင် ၎င်းက ခေါင်းဆောင်ကင်ဂျုံအန်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချုပ်များကို လက်မှတ်ရေးထိုးခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် ၎င်းတို့၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်နှင့် ပြည်သူများအတွက် သာယာဝပြောရေးကို ဆောင်ကြဉ်းရန် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းလည်း ဘီလာရုစ်သမ္မတ အလက်ဇန္ဒားလူကာရှန်ကိုက ပြောကြားခဲ့သည်။

ခေါင်းဆောင်ကင်ဂျုံအန်က ဘီလာရုစ်နိုင်ငံအပေါ် ထောက်ခံမှုအပြည့်ရှိကြောင်း ပြောကြားခဲ့သည်။

**ပူးပေါင်းဆောင်ရွက်**

ထို့ပြင် ခေါင်းဆောင်နှစ်ဦးက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ရည်ရွယ်၍ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်အပြင် စိုက်ပျိုးရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် သတင်းအချက်အလက်စသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နှင့် ဥရောပသမဂ္ဂတို့အကြား လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

တိုကျို မတ် ၂၇

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီတိုရှိမတ်ဆုနှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒ အကြီးအကဲ ကာဂျာကယ်လာစ်တို့က ဂျပန်နှင့် ဥရောပသမဂ္ဂတို့အကြား လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆွေးနွေးပွဲများ ပိုမိုခိုင်မာစေရန် သဘောတူညီခဲ့ကြသည်။




၎င်းတို့က ပြင်သစ်နိုင်ငံ၌ ကျင်းပသည့် စက်မှုထိပ်သီး ခုနစ်နိုင်ငံ (ဂျီ – ၇) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးပြင်ပတွင် ယမန်နေ့က တွေ့ဆုံခဲ့ကြသည်။

ဂျပန်နိုင်ငံနှင့် အီးယူသည် ယုံကြည်စိတ်ချရသော မဟာဗျူဟာမိတ်ဖက်များအဖြစ် ပိုမိုပြင်းထန်သော လုံခြုံရေးပတ်ဝန်းကျင်တွင် အနီးကပ်ဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထိန်းသိမ်းရန် အရေးကြီးကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီတိုရှိမတ်ဆုက ပြောကြားခဲ့သည်။

စီးပွားရေးနှင့် ကုန်သွယ်မှုတွင် သာမက နိုင်ငံရေးနှင့် လုံခြုံရေး နယ်ပယ်များတွင်လည်း ဂျပန်–အီးယူဆက်ဆံရေးကို ပိုမိုမြှင့်တင်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် ကာကွယ်ရေးစက်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို နက်နက်ရှိုင်းရှိုင်းဖြစ်စေလိုကြောင်း ၎င်းကပြောကြားသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီတိုရှိမတ်ဆုနှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒ အကြီးအကဲ ကာဂျာကယ်လာစ်တို့က အင်ဒို–ပစိဖိတ်ဒေသတွင်း အခြေအနေများနှင့် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ပြီး နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်လည်း သဘောတူညီခဲ့ကြသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# သီရိလင်္ကာနိုင်ငံရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းများအတွက် လောင်စာဆီချွေတာ သုံးစွဲရေးညွှန်ကြားချက်များ ထုတ်ပြန်

ကိုလံဘို မတ် ၂၇

သီရိလင်္ကာနိုင်ငံရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများအတွက် လောင်စာဆီချွေတာသုံးစွဲရေးညွှန်ကြားချက်များကို အရေးပေါ်လုပ်ငန်းများဆိုင်ရာ ကော်မရှင်နာချုပ်ရုံးက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းပဋိပက္ခအရ နိုင်ငံအတွင်းသို့ လောင်စာဆီတင်သွင်းရန် အခက်အခဲရှိနိုင်သဖြင့် အဆိုပါ ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းဖြစ်သည်။

အများပြည်သူဆိုင်ရာဝန်ဆောင်မှုကဏ္ဍများတွင် လောင်စာဆီနှင့် လျှပ်စစ်သုံးစွဲမှုချွေတာရန် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် ခရိုင်အဆင့် တာဝန်ရှိသူများအား ညွှန်ကြားခဲ့သည်။

တာဝန်ရှိသူများအနေဖြင့် အလုပ်သို့လာရောက်ရာတွင် မော်တော်ယာဉ်သုံးစွဲခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်ပြီး အများပြည်သူဆိုင်ရာ ယာဉ်များကို စီးနင်းသွားလာရမည်ဟု အကြံပြုထားသည်။ အစိုးရဌာနများအနေဖြင့်လည်း လုပ်ငန်းများဆောင်ရွက်ရာတွင် မော်တော်ယာဉ်သုံးစွဲမှုလျှော့ချရမည်ဖြစ်သည်။ လမ်းမီးများကို မလိုအပ်သည့်အချိန်တွင်ပိတ်ထားရန် ညွှန်ကြားခဲ့သည်။

စွမ်းအင်ချွေတာရေးနည်းလမ်းများအဖြစ် သဘာဝအလင်းရောင်ကို အများအပြားအသုံးပြုရန်၊ အဲယားကွန်းများအစား လျှပ်စစ်ပန်ကာများသုံးစွဲရန်နှင့် ဓာတ်လှေကားသုံးစွဲခြင်းကို လျှော့ချပြီး သာမန်လှေကားမှ အတက်အဆင်းပြုလုပ်ရန် ညွှန်ကြားခဲ့သည်။

**ပံ့ပိုးဆောင်ရွက်**

ထို့ပြင်တာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းများအား နေအိမ်တွင် လုပ်ငန်းဆောင်ရွက်ရန် အခြေအနေပေးပါက လုပ်ငန်းခွင်သို့လာရောက်ရန်မလိုဘဲ အိမ်မှ လုပ်ငန်းဆောင်ရွက်ခွင့်ပြုနိုင်ရန် ညွှန်ကြားထားသည်။ အမျိုးသားစွမ်းအင်ဖူလုံရေးအတွက် တာဝန်ရှိသူများက လိုအပ်သလို ပံ့ပိုးဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်– စိုးသူရ**



# အီဂျစ်၊ တူကီယဲနှင့် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးများက အမေရိကန်နှင့် အီရန်အကြား တိုက်ရိုက်စေ့စပ်ညှိနှိုင်းမှုများ အဆင်ပြေချောမွေ့စေရေး ဆွေးနွေး

ကိုင်ရို မတ် ၂၇

အီဂျစ်၊ တူကီယဲနှင့် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးများက အမေရိကန်နှင့် အီရန်အကြား တိုက်ရိုက်စေ့စပ်ညှိနှိုင်းမှုများ အဆင်ပြေချောမွေ့စေရေးအတွက် ၎င်းတို့၏ ကြိုးပမ်း အားထုတ်မှုများကို ဆွေးနွေးရန် သီးခြားစီ ဖုန်းခေါ်ဆိုခဲ့ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။



နိုင်ငံခြားရေးဝန်ကြီးများက အရှေ့အလယ်ပိုင်းအခြေအနေ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများ အပါအဝင် သံတမန်နည်းလမ်းများမှတစ်ဆင့် ဆွေးနွေးပွဲများ ဖြစ်ပေါ်လာစေရန် ကြိုးပမ်းမှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဒေသတွင်း အခြေအနေကို ထိန်းချုပ်ရန် ဒေသတွင်းနှင့် နိုင်ငံတကာ ကြိုးပမ်းအားထုတ်မှုများကို တွန်းအားပေးပြီး တည်ငြိမ်မှု၊ တိုးမြင့်လာမှုနှင့် သံတမန်နည်းလမ်းအရ ဖြေရှင်းမှုလမ်းကြောင်းများသည် လက်ရှိဖြစ်ပေါ်နေသော အကျပ်အတည်းကို ထိန်းချုပ်ရန် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဘာအဒီ လတ်တီက အလေးပေးပြောကြားခဲ့သည်။

ထို့ပြင် အီဂျစ်၊ တူကီယဲနှင့် ပါကစ္စတန်တို့၏ ပူးပေါင်းကြိုးပမ်းမှုများသည် စစ်ပွဲကိုအဆုံးသတ်ရန် ရည်ရွယ်သည့် တည်ငြိမ်ရေး လုပ်ငန်းစဉ်ကို ဖြည်းဖြည်းချင်း စတင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

အလားတူ အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဘာအဒီလတ်တီနှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုတို့က ယမန်နေ့တွင် အရှေ့အလယ်ပိုင်းဒေသတွင်း စစ်ရေးတင်းမာမှုများ၏ နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှုများနှင့် ကမ္ဘာ့စီးပွားရေးအပေါ် သက်ရောက်မှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ပြောင်းလဲနေသည့် ကမ္ဘာ့အခင်းအကျင်းသစ်တွင် နိုင်ငံ့စွမ်းအားဖြစ်သည့် လူငယ်များ၏ အခန်းကဏ္ဍ

**မျက်မှောက်ကာလ နိုင်ငံတကာဆက်ဆံရေးတွင် ကမ္ဘာ့အစီအစဉ် သို့မဟုတ် ကမ္ဘာ့အခင်းအကျင်းသည် အရေးပါသော အယူအဆတစ်ရပ်ဖြစ်လာပါသည်။ ကမ္ဘာ့အစီအစဉ်ဆိုသည်မှာ ကမ္ဘာ့နိုင်ငံများအကြား အာဏာခွဲဝေမှုနှင့် ဆက်ဆံရေးပုံစံများကို သတ်မှတ်ပေးသည့် နိုင်ငံတကာစနစ်တစ်ခုဖြစ်သည်။**

**မောင်လူအေး(လူငယ်ရေးရာ)**

**❝အိန္ဒိယနိုင်ငံသည် ၂၀၄၇ ခုနှစ်တွင်လည်းကောင်း၊ တရုတ်နိုင်ငံသည် ၂၀၄၉ ခုနှစ်တွင်လည်းကောင်း ဖွံ့ဖြိုးပြီးနိုင်ငံ (Fully Developed Country) ဖြစ်ရန် ရည်မှန်းချက်ထားရှိကာ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လိုက်ပါစီးမျောကာ အကျိုးရှိစွာအသုံးချနိုင်ရမည်ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာ့အခင်းအကျင်းသစ်တွင် အင်အားကြီးနိုင်ငံများ၏အသုံးချခံ အင်အားပြိုင်ဆိုင်သည့်နေရာအဖြစ် မကျရောက်စေရေးအတွက် အမြော်အမြင်၊ သတိကြီးစွာထား၍ လိမ္မာပါးနပ်စွာဖြင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်တတ်ဖို့ လိုအပ်❞**

ကမ္ဘာ့အစီအစဉ်သည် နိုင်ငံများအကြားရှိ အာဏာခွဲဝေမှု၊ စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံရေးစနစ်များ၏ စုပေါင်းဖွဲ့စည်းပုံတစ်ခုဖြစ်ပြီး နိုင်ငံတကာဆက်ဆံရေးတွင် လိုက်နာကျင့်သုံးကြသည့် သဘောတူညီမှုတစ်ရပ်ဖြစ်သည်။ ယင်းအစီအစဉ်သည် ကမ္ဘာ့နိုင်ငံရေးစနစ်၏ လည်ပတ်ပုံကို သတ်မှတ်ပေးပြီး နိုင်ငံများအကြား ဆက်ဆံရေးကို ထိန်းညှိပေးနေခြင်းဖြစ်သည်။ ကမ္ဘာ့အစီအစဉ်သည် နိုင်ငံများအကြား နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးဆိုင်ရာဆက်ဆံရေးများကို ထိန်းညှိပေးပြီး နိုင်ငံတကာတည်ငြိမ်မှုကိုလည်း အထောက်အကူဖြစ်စေပါသည်။

နိုင်ငံတကာဆက်ဆံရေးပညာရှင်များ၏ အယူအဆအရ ကမ္ဘာ့အစီအစဉ်၏ ဖွဲ့စည်းပုံသည် နိုင်ငံများ၏ နိုင်ငံ့စွမ်းအားခွဲဝေမှုအပေါ်တွင် အဓိကအခြေခံထားခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စွမ်းအားကို နိုင်ငံ့စွမ်းအားဟုသတ်မှတ်ပြီး ထိုစွမ်းအားသည် နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားများကို အကောင်အထည်ဖော်နိုင်ရန် မရှိမဖြစ်လိုအပ်သော အရင်းအမြစ်များနှင့် စွမ်းရည်များ ဖြစ်ပါသည်။ နိုင်ငံ့စွမ်းအားသည် မိမိနိုင်ငံ၏ ရည်မှန်းချက်များကို အောင်မြင်စေရန် အခြားနိုင်ငံများအပေါ် လွှမ်းမိုးနိုင်စွမ်း၊ ထိန်းချုပ်နိုင်စွမ်းရှိခြင်းပင်ဖြစ်သည်။ ယနေ့ကမ္ဘာ့အခင်းအကျင်းသည် စစ်ရေး၊ စီးပွားရေး၊ နည်းပညာနှင့် သံတမန်ရေး စွမ်းအားများကို ပိုင်ဆိုင်သောနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုအပေါ်မူတည်၍ ပြောင်းလဲနေခြင်းဖြစ်ရာ မြန်မာလူငယ်များအနေဖြင့် မျက်မှောက်ခေတ် ကမ္ဘာ့အစီအစဉ်ကို နားလည်သဘောပေါက်ကာ မိမိနိုင်ငံ၏ နိုင်ငံ့စွမ်းအား တစ်နည်းအားဖြင့် ပြည်တွင်းအား ခိုင်မာအားကောင်းလာစေရေး အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး သီအိုရီများအရ ကမ္ဘာ့အစီအစဉ်ကို အာဏာခွဲဝေမှုအပေါ်အခြေခံ၍ အမျိုးအစားသုံးမျိုး ခွဲခြားနိုင်သည်။ ပထမအမျိုးအစားမှာ Unipolar World Order ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံတည်းကသာ အင်အားအကြီးဆုံးအဖြစ် ကမ္ဘာ့နိုင်ငံရေးကို လွှမ်းမိုးချုပ်ကိုင်နေသော စနစ်ဖြစ်သည်။ ဥပမာအားဖြင့် စစ်အေးတိုက်ပွဲအပြီး ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် အမေရိကန်နိုင်ငံသည် ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ဒုတိယအမျိုးအစားမှာ Bipolar World Order ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ သို့မဟုတ် အုပ်စုတစ်စုက လွှမ်းမိုးလာမှုကို တားဆီးကာကွယ်ရန် အင်အားကြီးနိုင်ငံ နှစ်နိုင်ငံအကြား အာဏာခွဲဝေထားသော စနစ်ဖြစ်သည်။ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးအပြီး အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့အကြား ဖြစ်ပေါ်ခဲ့သော စစ်အေးတိုက်ပွဲကာလသည် Bipolar System ၏ နမူနာတစ်ခုဖြစ်သည်။

တတိယအမျိုးအစားမှာ Multipolar World Order ဖြစ်ပြီး အင်အားကြီးနိုင်ငံများနှင့် အင်အားကြီးထွားလာသည့်နိုင်ငံများ များစွာပါဝင်နေသော စနစ်ဖြစ်သည်။ မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံရေးသည် အမေရိကန်၊ တရုတ်၊ ရုရှား၊ ဥရောပသမဂ္ဂနှင့် အိန္ဒိယနိုင်ငံတို့ ပါဝင်လာခြင်းကြောင့် Multipolar World Order သို့ တဖြည်းဖြည်း ပြောင်းလဲလာနေသည်ဟု သုံးသပ်နိုင်သည်။ တရုတ်နိုင်ငံ၏ထိပ်တန်း အင်အားကြီးနိုင်ငံအဖြစ် တက်လှမ်းလာမှု၊ ရုရှား၏ ဩဇာပြန်လည်ထူထောင်မှုနှင့် အိန္ဒိယကဲ့သို့သော ထွန်းသစ်စနိုင်ငံများ၏ အခန်းကဏ္ဍက ကမ္ဘာ့အစီအစဉ်ကို ပုံဖော်လျက်ရှိပါသည်။ ထို့ပြင် NATO၊ EU၊ BRICS၊ SCO၊ အာဆီယံ၊ အာဖရိကသမဂ္ဂ စသည့် အဖွဲ့အစည်းများ အားကောင်းလာခြင်း၊ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ကမ္ဘာ့အစီအစဉ်သည် စစ်အေးကာလကဲ့သို့ အင်အားကြီးနှစ်နိုင်ငံအပေါ်တွင်သာ မှီတည်မနေဘဲ ဒေသတွင်းအဖွဲ့အစည်းများ၏ စွမ်းအားပေါ်တွင်လည်း အင်အားချိန်ခွင်လျှာ ပြောင်းလဲလာခြင်းဖြစ်သည်။

ကမ္ဘာ့အစီအစဉ်သည် နိုင်ငံများ၏ စွမ်းအားပေါ်မူတည်၍ ပြောင်းလဲနေသည့် သဘောတရားတစ်ခုဖြစ်သည်။ ယခင်က နိုင်ငံ့စွမ်းအားကို စစ်အင်အားဖြင့်သာ တိုင်းတာခဲ့သော်လည်း ယနေ့ခေတ်တွင် နိုင်ငံ့စွမ်းအား၏အဓိပ္ပာယ်မှာ ပိုမိုကျယ်ပြန့်လာသည်။ နိုင်ငံတကာဆက်ဆံရေးပညာရှင်များ၏ အဆိုအရ နိုင်ငံ့စွမ်းအားကို အဓိကအားဖြင့် အောက်ပါအချက်များဖြင့် တိုင်းတာနိုင်ပါသည်-

**ပထဝီဝင်အခြေအနေ**

နိုင်ငံ၏တည်နေရာ၊ နယ်မြေအကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်အနေအထား၊ ရာသီဥတုတည်ရှိမှုအခြေအနေနှင့် သဘာဝသယံဇာတတည်ရှိမှုတို့သည် နိုင်ငံ့စွမ်းအား၏ အခြေခံအချက်များဖြစ်သည်။ ပထဝီဝင် အခြေအနေကောင်းမွန်သောနိုင်ငံများ၊ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျသည့် နိုင်ငံများသည် စီးပွားရေး၊ စစ်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့အတွက် အခွင့်အလမ်းများ ပိုမိုရရှိနိုင်သည်။

**လူဦးရေနှင့် လူ့စွမ်းအားအရင်းအမြစ်**

လူဦးရေများပြားခြင်းနှင့် ကျန်းမာကြံ့ခိုင်၍ ပညာရေးအဆင့်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ၊ အလုပ်လုပ်နိုင်သည့် အသက်အရွယ်အုပ်စုများပြားခြင်းတို့သည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အချက်များဖြစ်သည်။

**စီးပွားရေးစွမ်းအား**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးနှင့် စစ်ရေးစွမ်းအားများကို အထောက်အကူပြုသည်။ GDP၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းများသည် စီးပွားရေးစွမ်းအားကို တိုင်းတာရာတွင် အရေးကြီးသောအချက်များဖြစ်သည်။

**စစ်ရေးစွမ်းအား**

တပ်မတော်၏ အင်အား၊ နည်းပညာနှင့် စစ်ဆင်ရေးစွမ်းရည်များသည် နိုင်ငံ့လုံခြုံရေးနှင့် နိုင်ငံတကာအဆင့်တွင် ဩဇာသက်ရောက်မှုရှိစေသည်။

**သိပ္ပံနှင့်နည်းပညာစွမ်းအား**

နည်းပညာတိုးတက်မှု (ဥပမာ-Digital၊ AI၊ Cyber)သည် စီးပွားရေးနှင့် စစ်ရေးစွမ်းအားများကို တိုးတက်စေပြီး နိုင်ငံတကာယှဉ်ပြိုင်နိုင်မှုတွင် အရေးပါသော အချက်တစ်ခုဖြစ်သည်။

**Soft Power**

Soft Power ဆိုသည်မှာ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ဆက်ဆံရေးနှင့် အတွေးအခေါ်များမှတစ်ဆင့် အခြားနိုင်ငံများကို ဩဇာသက်ရောက်စေနိုင်သော စွမ်းအားဖြစ်သည်။

တစ်နည်းအားဖြင့် **စီးပွားရေးစွမ်းအား၊ စစ်ရေးစွမ်းအားတို့သည် Hard Power ဖြစ်ပြီး ပညာရေး၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစိတ်ဓာတ်၊ သံတမန်ဆက်ဆံရေး စသည်တို့ကို Soft Power ဟု သတ်မှတ်ကာ Hard Power နှင့် Soft Power ပေါင်းစပ်ထားသည့်စွမ်းရည်သည် Smart Power ဖြစ်ပါသည်။ ထို့ပြင် သတင်းအချက်အလက်နည်းပညာကိုအသုံးပြု၍ အခြားနိုင်ငံများ၏ ပြည်တွင်းရေးနှင့် လူထုသဘောထားကို လွှမ်းမိုးနိုင်ခြင်းသည် Sharp Power ဖြစ်သည်။ Multi-polarity စနစ်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ ပါဝင်လာခြင်းကြောင့် ကမ္ဘာ့ရေးရာများတွင် တရားမျှတစွာ ဆောင်ရွက်လာနိုင်မည်ဟု မျှော်လင့်နိုင်ခြင်း၊ နိုင်ငံတစ်နိုင်ငံတည်း၏စွမ်းအားဖြင့် ဖြေရှင်း၍မရဘဲ စုပေါင်းစွမ်းအားဖြင့် ဖြေရှင်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရှိနိုင်မည်ဖြစ်သော်လည်း ပိုမိုတရားမျှတမှုရှိသည့် ကမ္ဘာကြီးဖြစ်လာမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။**

Multipolar အရွေ့တွင် အင်အားကြီးနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ အကျိုးစီးပွားပြိုင်ဆိုင်မှုများ၊ အုပ်စုဖွဲ့ခြင်းများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နိုင်ငံငယ်များအဖို့ မိမိတို့၏ အချုပ်အခြာအာဏာ မဆုံးရှုံးစေရန် ယခင်ကထက် ပိုမိုခက်ခဲစွာရုန်းကန်နေရခြင်းကိုလည်း လက်ရှိဖြစ်ပေါ်နေသော အမေရိကန်၏ ဗင်နီဇွဲလားနှင့် အီရန်နိုင်ငံတို့အပေါ် ကျူးကျော်တိုက်ခိုက်သည့် အရေးကိစ္စများက သက်သေခံလျက်ရှိပါသည်။

အနာဂတ်ကမ္ဘာ့အခင်းအကျင်းသည် နိုင်ငံ့စွမ်းအား တိုးတက်ပြောင်းလဲမှုများကြောင့် ဆက်လက်ပြောင်းလဲနေဦးမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှင့် နည်းပညာတိုးတက်မှုများသည် ကမ္ဘာ့စွမ်းအားခွဲဝေမှုကို ပြောင်းလဲစေပြီး Multipolar World Order သို့ ဦးတည်လျက်ရှိပါသည်။ သို့ဖြစ်ရာ နိုင်ငံ့စွမ်းအားသည် နိုင်ငံတစ်နိုင်ငံအတွက် အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်များအပေါ် လိုအပ်သလို ပုံဖော်နိုင်စွမ်းရှိသည့် စွမ်းရည်ဖြစ်ပြီး အခြားနိုင်ငံများ၏ ဆုံးဖြတ်ချက်၊ လုပ်ဆောင်ချက်များအပေါ် လွှမ်းမိုးနိုင်စွမ်းရှိခြင်းလည်း ဖြစ်ပါသည်။ နိုင်ငံ့စွမ်းအားသည် နိုင်ငံ၏ တည်ရှိမှု၊ အချုပ်အခြာအာဏာ၊ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အဓိကကျသည့် မောင်းနှင်အားတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် မိမိတို့၏ နိုင်ငံ့စွမ်းအားတိုးတက်စေရန်အတွက် အလေးထားဆောင်ရွက်လျက်ရှိခြင်းဖြစ်သည်။ နိုင်ငံ့စွမ်းအားခိုင်မာအားကောင်းမှသာ ကမ္ဘာ့တည်သရွေ့ မိမိနိုင်ငံနှင့်လူမျိုး ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် မည်သည့်အခြေအနေတွင်မဆို အချုပ်အခြာအာဏာကို ထိပါးမခံရစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

လက်ရှိကမ္ဘာ့အစီအစဉ်သစ်ဖြစ်သည့် Multi-polar World Order သည် ကမ္ဘာ့နိုင်ငံကြီးများအကြား အကျိုးစီးပွားပြိုင်ဆိုင်မှုနှင့်အတူ မည်သည့်ခေတ်ကာလနှင့်မျှမတူသည့် အင်အားကြီးသူ အနိုင်ယူမည်(Might is Right) ဆိုသည့် အခင်းအကျင်းတစ်ရပ်အဖြစ် တတိယကမ္ဘာစစ်သို့ ဦးတည်လျက်ရှိသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့ဖြင့် တစ်ဖက်သတ်ဖိအားပေးကာ ဩဇာခံအဖြစ် လွှမ်းမိုးချုပ်ကိုင်လျက်ရှိသည်ကိုလည်း ကြုံတွေ့နေရပါသည်။ ၎င်းတို့လိုလားသည့် အယူဝါဒ၊ နိုင်ငံရေးစနစ်ကို လိုက်နာကျင့်သုံးခြင်းမရှိသည့် နိုင်ငံငယ်များအပေါ် စွပ်စွဲပြစ်တင်ခြင်း၊ စီးပွားရေးပိတ်ဆို့ခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိအောင် ဖယ်ကြဉ်ထားခြင်းအပြင် တတိယအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတစ်နိုင်ငံကို အသုံးချ၍ Proxy War အသွင်ဖော်ဆောင်ကာ ဖိအားပေး အကျပ်ကိုင်ခြင်းများကိုလည်း ကြုံတွေ့နေရခြင်းဖြစ်သည်။

**စာမျက်နှာ ၁၅ သို့ ✪**

# မြဝတီမြို့၌ ဦးစပန်းခြံ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မြဝတီ မတ် ၂၇**

(၈၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၁) ရပ်ကွက် ဦးစပန်းခြံဖွင့်ပွဲကို ယနေ့ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီးစံရွှေ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်ဟံဦး၊ ခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းဦးတို့က ပန်းခြံကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အဆိုပါ ဦးစပန်းခြံသည် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ပြီး ပိတ်ထားခဲ့ရာမှ မြဝတီမြို့နေပြည်သူများ အပန်းဖြေမည့်နေရာအဖြစ် ပြည်လည်အသုံးပြုနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၏ ဦးဆောင်မှုဖြင့် မြဝတီမြို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ချင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမင်းနောင်တို့၏ ပံ့ပိုးမှုများဖြင့်လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ စုပေါင်းအားများဖြင့်လည်းကောင်း ပြန်လည်ပြုပြင်မွမ်းမံခဲ့ပြီး (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**




ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သူရဦးမြင့်မောင်နှင့် ဇနီး ဒေါ်အေးအေးထွန်း မိသားစုက (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၇ ရက်တွင် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ ငွေကျပ်သိန်းတစ်ရာ လှူဒါန်းစဉ်။

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❂ **စာမျက်နှာ ၁၄ မှ**

မိမိတို့မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသကို ဆက်သွယ်ပေးထားသည့် Land Bridge ဖြစ်သည့်အပြင် ကမ္ဘာ့လူဦးရေအများဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် ကမ္ဘာ့စီးပွားရေးအင်အား ဒုတိယအကြီးဆုံးဖြစ်သည့် တရုတ်နိုင်ငံတို့အကြား တည်ရှိနေသည့်အတွက် ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျသည့် အနေအထားဖြစ်ရာ ၎င်းအားသာချက်များကို ပါးနပ်စွာ အသုံးချ၍ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်သွားရမည်ဖြစ်သည်။

**အိန္ဒိယနိုင်ငံသည် ၂၀၄၇ ခုနှစ်တွင် လည်းကောင်း၊ တရုတ်နိုင်ငံသည် ၂၀၄၉ ခုနှစ်တွင် လည်းကောင်း ဖွံ့ဖြိုးပြီးနိုင်ငံ (Fully Developed Country) ဖြစ်ရန် ရည်မှန်းချက်ထားရှိကာ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက်အလေးထားဆောင်ရွက်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လိုက်ပါစီးမျောကာ အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာ့အခင်းအကျင်းသစ်တွင် အင်အားကြီးနိုင်ငံများ၏ အသုံးချခံအင်အားပြိုင်ဆိုင်သည့် နေရာအဖြစ် မကျရောက်စေရေးအတွက် အမြော်အမြင်၊ သတိကြီးစွာထား၍ လိမ္မာပါးနပ်စွာဖြင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်တတ်ဖို့ လိုအပ်မည်ဖြစ်သည်။**

အမျိုးသားအကျိုးစီးပွားသည် နိုင်ငံတစ်နိုင်ငံ၏ ရပ်တည်မှု၊ အချုပ်အခြာအာဏာ၊ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံအကျဆုံး ရည်မှန်းချက်ဖြစ်ပြီး နိုင်ငံ၏အမျိုးသားအဆင့် မဟာဗျူဟာများချမှတ်ခြင်းနှင့် နိုင်ငံခြားရေးမူဝါဒချမှတ်ခြင်းတို့အပေါ် အဓိကသက်ရောက်မှုရှိပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော်ရာတွင် နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အမြဲတမ်းအကျိုးစီးပွားဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့သည် အဓိကအကျိုးစီးပွားများဖြစ်ကာ အခြားနိုင်ငံတကာရေးရာကိစ္စရပ်များသည် အစွန်အဖျား အကျိုးစီးပွားများ ဖြစ်ကြပါသည်။

ပြောင်းလဲနေသော နိုင်ငံတကာအခြေအနေများအောက်တွင် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရာ၌ ကမ္ဘာလုံးဆိုင်ရာ အကျိုးစီးပွားများနှင့် ချိန်ညှိဆောင်ရွက်တတ်ရန်လည်း အရေးကြီးလှပါသည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် မျက်မှောက်ကမ္ဘာ့အခြေအနေနှင့် ပြည်တွင်းအခြေအနေများကို သိရှိနားလည်ပြီး မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းစေရေး မှန်ကန်စွာ တွေးခေါ်မြော်မြင်တတ်ရန် လိုအပ်ပါသည်။

**အမျိုးသားကာကွယ်ရေးဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့မှုနှင့် အမျိုးသားအကျိုးစီးပွားကာကွယ်ရေးတို့ကို ဖော်ဆောင်ခြင်းဖြစ်ပါသည်။ မိမိနိုင်ငံသားများ၏ အသက်အိုးအိမ်စည်းစိမ်ကို လုံခြုံမှုပေးနိုင်ရေးနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာကို မည်သည့်အခြေအနေမျိုးတွင်မဆို ထိပါးမခံရစေရေးသည် အမျိုးသားကာကွယ်ရေး၏ အနှစ်သာရပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် နိုင်ငံ့စွမ်းအား၊ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားကာကွယ်ရေးတို့သည် အပြန်အလှန်အမှီသဟဲပြုလျက်ရှိပါသည်။**

အမျိုးသားအကျိုးစီးပွားသည် နိုင်ငံတော်၏ မဟာဗျူဟာမြောက် ရည်မှန်းချက်ပန်းတိုင်များကို ဖော်ဆောင်ပေးနေခြင်းဖြစ်ပြီး အဆိုပါရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံ့စွမ်းအားသည် အဓိကမဏ္ဍိုင်တစ်ရပ်ဖြစ်ပါသည်။ ထို့အတူ နိုင်ငံ့စွမ်းအားတောင့်တင်းခိုင်မာစေရေးအတွက် အမျိုးသားကာကွယ်ရေးစွမ်းအားသည် အဓိက ဒေါက်တိုင်တစ်ခုဖြစ်ပါသည်။ သို့ဖြစ်ရာ အမျိုးသားကာကွယ်ရေးစွမ်းအားကို ခိုင်မာအားကောင်းအောင် တည်ဆောက်ခြင်းဖြင့် နိုင်ငံ့စွမ်းအားကိုမြှင့်တင်ပြီး အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရာတွင် ပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါသည်။

အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံသားများ၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို မြှင့်တင်ပေးခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်သော ပညာတတ်နိုင်ငံသားများဖြင့်သာ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို အပြည့်အဝဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရာတွင် ရေတိုမျှော်မှန်းချက်များထက် ရေရှည်မျှော်မှန်းချက်များချမှတ်ကာ မဟာဗျူဟာ၊ နည်းဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ စုစုပေါင်း၏ ၃၁ ရာခိုင်နှုန်းခန့်မှာ အသက် ၁၅ နှစ်မှ ၃၅ နှစ်ကြား လူငယ်များ ဖြစ်ကြပါသည်။ အသက် ၁၅ နှစ်မှ ၆၄ နှစ်ကြား အလုပ်လုပ်နိုင်သောအရွယ်သည် စုစုပေါင်းလူဦးရေ၏ ၆၆ ဒသမ ၉ ရာခိုင်နှုန်းအထိရှိလာပြီး ယင်းသည် မြန်မာ့သမိုင်းတွင် အမြင့်ဆုံးအချိုးအစားဖြစ်ပါသည်။ သို့ဖြစ်ရာ လူငယ်များကို ဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည်ဖြစ်သည်။

လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အတက်ကြွဆုံးနှင့်အင်အားအကောင်းဆုံး လူ့စွမ်းအားအရင်းအမြစ်များဖြစ်ရာ ယနေ့ ကမ္ဘာ့အခင်းအကျင်းကို နားလည်သဘောပေါက်ပြီး မိမိနိုင်ငံနှင့် လူမျိုးအတွက် အကျိုးမပြုသည့် အတွေးအခေါ်များ၊ လုပ်ဆောင်ချက်များကို ရှောင်ကြဉ်၍ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို အပြည့်အဝဖော်ဆောင်နိုင်ရေး တန်ဖိုးရှိသည့် နိုင်ငံ့အင်အားစုများအဖြစ် အကောင်းဆုံး ပူးပေါင်းဆောင်ရွက်ရမည့် အချိန်အခါဖြစ်ပါသည်။ အင်အားကြီးနိုင်ငံများ၏ ခြယ်လှယ်မှုကို မခံရစေရေး၊ ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများ၏ အပြန်အလှန်လေးစားယုံကြည်မှုရရှိစေရေးအတွက် နိုင်ငံ့စွမ်းအား ခိုင်မာအားကောင်းအောင် ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်သည်။

ပြောင်းလဲနေသည့် ကမ္ဘာ့အခင်းအကျင်းသစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် စိန်ခေါ်မှုများစွာရှိနေသကဲ့သို့ တစ်ပြိုင်တည်းတွင် အခွင့်အလမ်းများစွာလည်းရှိနေခြင်းဖြစ်ရာ လူငယ်များအပါအဝင် နိုင်ငံသားအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ လူငယ်များအား နိုင်ငံတော်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအင်အားစုအဖြစ် ပါဝင်လာနိုင်စေရေးအတွက် ရင်းနှီးမြှုပ်နှံရမည့် အချိန်အခါကောင်းဖြစ်ပါသည်။

လက်ရှိမြန်မာနိုင်ငံအနေဖြင့် မကြာမီကာလအတွင်း လွှတ်တော်၊ အစိုးရသစ်နှင့်အတူ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ပုံဖော်တည်ဆောက်တော့မည်ဖြစ်ပါသည်။ ဒီမိုကရေစီဖက်ဒရယ် တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူမှုသဟဇာတဖြစ်ရေးနှင့် စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ပြိုင်နက်တည်း ဖြေရှင်းဆောင်ရွက်သွားရမည့် ရေရှည်လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ လူဦးရေ၏ အကြီးမားဆုံး အစိတ်အပိုင်းတစ်ခုဖြစ်သော လူငယ်များသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ရာ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ စနစ်တကျ ပူးပေါင်းပါဝင်နိုင်မည့် ပလက်ဖောင်းတစ်ခု တည်ဆောက်ပေးခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

အနာဂတ်မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတွင် လူမှုသဟဇာတဖြစ်စေရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ငန်းစဉ်များအတွက်လည်း အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်လာနိုင်ပါသည်။ အချုပ်အားဖြင့် ဖြစ်ပေါ်ပြောင်းလဲလာသည့် ကမ္ဘာ့အစီအစဉ်သစ်တွင် မျိုးဆက်သစ်လူငယ်များက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲနေစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**ကျမ်းကိုး–**


၁။ Morgenthau, H. J., "Politics Among Nations: The Struggle for Power and Peace", New York, 1948.

၂။ Clausewitz, C. Von., "On War", Princeton University Press, Princeton, 1832.

၃။ Waltz, K. N., "Theory of International Politics", 1979.

၄။ Buzan, B., "People, States and Fear: An Agenda for International Security Studies", 1991.

၅။ Nye, J. S., (2004). "Soft Power: The Means to Success in World Politics", New York, 2004.

၆။ မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၆ ခုနှစ် မတ်လ ၁၁ ရက်။

၇။ မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၆ ခုနှစ် မတ်လ ၁၄ ရက်။





# ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး လွယ်ကူလျင်မြန်ချောမွေ့စွာသွားလာနိုင်ရန်အတွက် ပဲခူး - မော်လမြိုင် ရထားလမ်းပိုင်း အဆင့်မြှင့်တင်မွမ်းမံဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၂၇

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများပြေးဆွဲပေးလျက်ရှိပြီး ခရီးသည်နှင့်ကုန်စည် သယ်ယူပို့ဆောင်ရေး လွယ်ကူလျင်မြန်စေရန် ရထားလမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ပြုပြင်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန် နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်ချက်အရ ပဲခူး -မော်လမြိုင် ရထားလမ်းပိုင်းကို တာပေါင်ကျဉ်းနေသော နေရာများ မြေဖို့ခြင်း၊ တစ်မိုင်လျှင်ကျင်း ၅၀၀ ကျောက်ဖြည့်တင်းခြင်း၊ လမ်းပိုင်းအား ကျောက်ပက်ကင်ရိုက်ခြင်း လုပ်ငန်းများကို ဇန်နဝါရီလမှစ၍ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပဲခူး-မော်လမြိုင် ရထားလမ်းအရှည် မိုင် ၁၃၀ ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်၍ ကိုးချောင်းဆက်သံလမ်းလဲလှယ်ခြင်း၊ ကွန်ကရစ်ဇလီဖားတုံးများဖြည့်တင်းခြင်း၊ တစ်မိုင်လျှင်ကျင်း ၃၅၀ နှုန်းဖြင့် လမ်းခင်းကျောက်ဖြည့်တင်းခြင်း၊ Automatic Levelling Lining & Tamping Machine (ALL-TM) စက်ကြီးဖြင့် လမ်းပက်ကင်ရိုက်ခြင်း၊ လမ်းပိုင်းအချောသတ်ပြုပြင်ခြင်း၊ တံတားများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြီးစီးခဲ့ပြီး ကျောက်ကျင်းပေါင်း ၂၆၀၂၆ ကျင်း ထပ်မံဖြည့်တင်းနိုင်ခဲ့သည်။

ယခင်က ခရီးအကွာအဝေး ၁၇၆ မိုင်ရှိသော ရန်ကုန်-မော်လမြိုင် ရထားလမ်းခရီးတစ်လျှောက် အများဆုံး ၄၈ ကီလိုမီတာနှုန်းဖြင့် ပြေးဆွဲခဲ့ရာမှ အထက်ပါ လမ်းပိုင်းအဆင့်မြှင့်တင်မှုများ ဆောင်ရွက်ခဲ့ပြီးနောက် အများဆုံး ၆၄ ကီလိုမီတာနှုန်းအထိ တိုးမြှင့်လာနိုင်ခဲ့ပြီး ပြေးဆွဲချိန် လျှော့ချနိုင်ခဲ့သည်။

အဆိုပါ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ပဲခူး-မော်လမြိုင် လမ်းပိုင်းတစ်လျှောက် ကွေ့ ၅ ဒီဂရီထက် ပိုမိုသောနေရာ ၁၆ နေရာအထိရှိပြီး မိုင်နှုန်းကန့်သတ်ချက်များကြောင့် ပြေးဆွဲချိန် ထပ်မံလျှော့ချနိုင်ရန်အတွက် နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်ချက်အရ တစ်မိုင်လျှင် ကျောက်ကျင်း ၃၅၀ ရှိသည့် နေရာများကျောက်ကျင်း ၁၅၀ ထပ်မံဖြည့်တင်းပြီး တစ်မိုင်လျှင် လမ်းခင်းကျောက်ကျင်း ၅၀၀ နှုန်းပြည့်အောင် ဖြည့်တင်းခြင်းဖြင့် လမ်းပိုင်းအား မိုင်နှုန်းမြှင့်နိုင်ရေးဆောင်ရွက်ခြင်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်ခဲ့ရာ ယနေ့အထိ ကျောက်ကျင်းပေါင်း ၁၃၄၈၉ ကျင်း ထပ်မံဖြည့်သွင်း ဆောင်ရွက်နိုင်ခဲ့သည်။

ပဲခူး-မော်လမြိုင် လမ်းပိုင်းအားလုံးအတွက် ထပ်မံ၍ ကျောက်ကျင်း ၅၂၇၉ ကျင်း ထပ်မံဖြည့်တင်းဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းပိုင်းတစ်ခုလုံး အဆင့်မြှင့်တင်မွမ်းမံပြီးစီးပါက အများဆုံး ၇၅ ကီလိုမီတာနှုန်းဖြင့် ရထားပြေးဆွဲပေးသွားနိုင်မည်ဖြစ်ပြီး ရထားပြေးဆွဲချိန်ကို ထပ်မံလျှော့ချပေးနိုင်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **သတင်းစဉ်**



# (၈၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု မူဆယ်မြို့ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ဝန်ထမ်းများ စုပေါင်းသွေးလှူ

မူဆယ် မတ် ၂၇

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက မူဆယ်ပြည်သူ့ဆေးရုံ သွေးလှူဘဏ်၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့မှ အရာထမ်းများ၊ အမှုထမ်းများ၊ သန္နဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၂၂ ဦးက စုပေါင်း၍ (၈၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းကြခြင်းဖြစ်သည်။

အဆိုပါသွေးလှူဒါန်းပွဲသို့ မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်း၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မိသားစုစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက သွေးလှူဒါန်းသူများအား ကြည့်ရှုအားပေးပြီး အားဖြည့်အစားအစာများပေးအပ်ခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် Tug of War အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် မတ် ၂၇

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သော (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ(Sea Game) အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့သည့် Tug of War အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့တွင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ပြည်ထောင်စုလမ်းမ summit စားသောက်ဆိုင်၌ ပြုလုပ်သည်။



**ဆုများချီးမြှင့်**

ဦးစွာ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းလင်းသောင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး နည်းပြ၊ အုပ်ချုပ်သူ၊ အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများချီးမြှင့်ကြသည်။

အဆိုပါ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့သည် Tug of War အားကစားသမားများသည် ပြိုင်ပွဲတွင်တတိယဆုရရှိခဲ့ပြီး (၃၄)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာ**

# တောင်ကြီးမြို့၌ ရုရှားနေကြာစမ်းသပ်စိုက်ခင်းအား တာဝန်ရှိသူများကွင်းဆင်းကြည့်ရှု



တောင်ကြီး မတ် ၂၇

သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ဆူးပုတ်ကွေ့ကျေးရွာရှိ သိန်းခနထွန်းလယ်ယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းနှင့် ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာရှိ ပင်မြင့်စံငွေစုငွေချေးသမဝါယမအသင်းတို့မှ စိုက်ပျိုးထားရှိသော ရုရှားနေကြာ (Ipolit/ Valkun OR၊ Makhaon) မျိုးစမ်းသပ်စိုက်ခင်းအား တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါစိုက်ခင်းအားကြည့်ရှုရာတွင် ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်က အပင်၏အသက်ရက်အလိုက်ကျွေးရမည့်အစာအာဟာရများအချိုးကျ အချိန်ကိုက်ကျွေးရန်၊ ပိုးမွှားရောဂါမကျရောက်စေရေး အထူးဂရုပြုဆောင်ရွက်ရန်နှင့် ရာသီကုန်ချိန်တွင် သတ်မှတ်အထွက်နှုန်းရရှိရေး ဦးတည်ကြိုးပမ်း ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် အပွင့်ပွင့်ချိန် အပွင့်အားဆေး၊ ငှက်၊ ကြွက်ရန်ကာကွယ်ရေး၊ ရေလုံလောက်စွာရရှိရေး၊ ပျားပုံးများထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပိုးတောင်း**

# ၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ အစိုးရသစ်နှင့် မြန်မာ့အိမ်ခြံမြေကဏ္ဍ

ဖိုး၀

၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၂၆ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ဥပဒေအသစ်တွင် အခန်း (၁၇) ခန်းနှင့် ပုဒ်မပေါင်း (၈၈) ခု ပါဝင်ပါသည်။

ဤဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းသည် နိုင်ငံ၏ဘဏ္ဍာရေးစနစ်တည်ငြိမ်မှု၊ စီးပွားရေးပတ်ဝန်းကျင် ပွင့်လင်းမြင်သာမှုနှင့် နိုင်ငံတကာယုံကြည်မှု တိုးတက်ရေးတို့အတွက် အရေးပါသောတိုးတက်မှု တစ်ခုပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးစနစ်အတွင်း ပူးပေါင်းပါဝင်နေသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ယနေ့ကာလသည် ငွေကြေးခဝါချမှုနှင့် တရားမဝင်ငွေကြေးများစီးဆင်းမှုကို ထိရောက်စွာတားဆီးဟန့်တားနိုင်သော ဥပဒေစနစ်တစ်ခု မဖြစ်မနေ လိုအပ်သောကြောင့် ဖြစ်ပါသည်။

**နိုင်ငံ၏ဘဏ္ဍာရေးစနစ်ကို သန့်ရှင်းစေ**

ယနေ့ ကမ္ဘာ့စီးပွားရေးဝန်းကျင်တွင် နိုင်ငံတကာ ဘဏ္ဍာရေးစံနှုန်းများကို လိုက်နာမှုသည် နိုင်ငံတစ်နိုင်ငံ၏ ယုံကြည်စိတ်ချရမှုကို သတ်မှတ်ပေးသော အရေးပါသည့်အချက်တစ်ခုဖြစ်ပါသည်။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု ငွေကြေးထောက်ပံ့မှုများကို တိုက်ဖျက်ခြင်း (AML/CFT) သည် နိုင်ငံ၏ဘဏ္ဍာရေးစနစ်ကို သန့်ရှင်းစေသည့်အပြင် စီးပွားရေးလုပ်ငန်းများအတွက် ယုံကြည်စိတ်ချရသော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးနိုင်သည့်အတွက် နိုင်ငံတကာ၏ကိုးစားမှုကိုလည်း ရရှိစေပါသည်။ ထို့ကြောင့် AML/CFT ဆိုင်ရာ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို တိုးတက်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးအတွက် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် တည်ရှိနေမည်ဖြစ်ပါသည်။

အထူးသဖြင့် အိမ်ခြံမြေကဏ္ဍသည် တရားမဝင်ငွေအများအပြားစီးဝင်နိုင်သည့် လုပ်ငန်းကဏ္ဍတစ်ခုဖြစ်သဖြင့် AML/CFT စနစ်အတွင်း အရေးပါသောအခန်းကဏ္ဍတစ်ရပ်ကို ထမ်းဆောင်နေသည့် ဂိတ်စောင့်တံခါးမှူးများဖြစ်ပါသည်။ အိမ်ခြံမြေလုပ်ငန်းများသည် ငွေကြေးလွှဲပြောင်းမှုများနှင့် ပိုင်ဆိုင်မှု အပြောင်းအလဲများအတွက် အရေးကြီးသော ဈေးကွက်တစ်ခုဖြစ်သောကြောင့် ငွေကြေးခဝါချမှုအန္တရာယ်များကို လျှော့ချနိုင်ရန် စနစ်တကျစောင့်ကြည့်မှုနှင့် လိုက်နာဆောင်ရွက်မှုများ လိုအပ်လာပါသည်။ ထို့ကြောင့်ပင် အိမ်ခြံမြေကဏ္ဍသည် AML/CFT လုပ်ငန်းစဉ်များတွင် တာဝန်ရှိသော သတင်းပို့အဖွဲ့အစည်းတစ်ခုအဖြစ် နိုင်ငံတကာတွင်လည်း အသိအမှတ်ပြုခံထားကြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ AML/CFT တွင်ပါဝင်ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်အဆင့်ဆင့်မှာ -

၁။ မြန်မာနိုင်ငံသည် (APG) ခေါ် အာရှပစိဖိတ်အဖွဲ့ဝင်အဖြစ် ၉ - ၃- ၂၀၀၆ ရက်နေ့တွင်ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး FATF စံနှုန်းများကို လိုက်နာခဲ့သည်။ APG သည် FATF ၏ ဒေသတွင်းအဖွဲ့စည်းတစ်ခုဖြစ်သည်။

၂။ မြန်မာနိုင်ငံတွင် AML/CFT ဥပဒေများကို အသီးသီးပြဋ္ဌာန်းခဲ့သည်။ ၂၀၁၄ ခုနှစ်၌ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ပထမအကြိမ် ပြဋ္ဌာန်းပြီး ၂၀၂၆ ခုနှစ်၌ ဒုတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၄ ခုနှစ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဥပဒေ (Terrorist Financing) ကို သီးခြားပြဋ္ဌာန်းခဲ့သည်။ ထို့နောက် နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ (Rules & Regulations) ထုတ်ပြန်ခြင်း၊ ကြီးကြပ်ရေးအာဏာပိုင်များ (Supervisory Authorities) သတ်မှတ်ခြင်းစသည့်ဥပဒေတို့အား ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)၏ အကြံပြုချက် ၄၀ (40 Recommendations) နှင့် ကိုက်ညီစေရန် ပြင်ဆင်ခဲ့သည်။

၃။ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး လုပ်ငန်းစဉ် (NRA) National Risk Assessment ကိုလည်း ပြုလုပ်ခဲ့သည်။ NRA လုပ်ငန်းစဉ်၏ အကဲဖြတ်ရလဒ်များအရ ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးပမာဏ ( POC ) မှာ - ပြစ်မှု ၂၁ မျိုးမှ စုစုပေါင်း ပမာဏ US 15 Billion (ကျပ် ၁၈ ဒသမ ၅ ထရီလီယံ) ဖြစ်သည်။ POC အများဆုံးထုတ်သည့် မှုခင်းများမှာ ၆၃ ရာခိုင်နှုန်းရှိပြီး အခွန်တိမ်းရှောင်သည့်ပြစ်မှု ၂၁ ရာခိုင်နှုန်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်စေသည့်ပြစ်မှု ၂၁ ရာခိုင်နှုန်း၊ အဂတိလိုက်စားမှုနှင့်အကျင့်ပျက်ခြစားမှု ၂၁ ရာခိုင်နှုန်း၊ အခြားပြစ်မှုများ ၃၇ ရာခိုင်နှုန်း၊ မူးယစ်ဆေးရောင်းဝယ်မှု ၁၂ ရာခိုင်နှုန်း၊ အတုအပပြုလုပ်မှုနှင့် မူပိုင်ခွင့်ချိုးဖောက်မှု ၁၂ ရာခိုင်နှုန်း၊ အခြား POC ပြစ်မှုများ ၁၁ ရာခိုင်နှုန်းနှင့် အခြားပြစ်မှုများ နှစ်ရာခိုင်နှုန်းတို့ဖြစ်ကြသည်။ ထိုအကဲဖြတ်ရလဒ်များကိုအခြေပြု၍ မြန်မာနိုင်ငံအနေဖြင့်အန္တရာယ်အခြေပြုချဉ်းကပ်နည်းလမ်း (Risk-Based Approach) သို့ ပြောင်းလဲဆောင်ရွက်ခဲ့သည်။

၄။ Mutual Evaluation (ME) လုပ်ငန်းစဉ်အရလည်း APG မှ နည်းပညာဆိုင်ရာ လိုက်နာမှု (Technical Compliance) စစ်ဆေးခြင်း၊ ထိရောက်မှုကိုအကဲဖြတ်ခြင်း (Effectiveness Assessment) ပြုလုပ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း (On-site Visit) ပြုလုပ်ခြင်းနှင့် အပြန်အလှန်အကဲဖြတ်ခြင်း အစီရင်ခံစာ (Mutual Evaluation Report) ထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။

၅။ နောက်ဆက်တွဲလုပ်ငန်းစဉ် (Follow-up & Action Plan) အရ အားနည်းချက်များ (Deficiencies) ကို ပြင်ဆင်ခြင်း၊ Action Plan အကောင်အထည်ဖော်ခြင်း၊ ပုံမှန်တိုးတက်မှု အစီရင်ခံစာ (Regular Progress Report) တင်ပြခြင်း၊ FATF မျက်နှာစုံညီ အစည်းအဝေး (FATF Plenary meeting) မှ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကိုလည်း မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းလိုက်နာဆောင်ရွက်ခဲ့သည်။

> **အိမ်ခြံမြေကဏ္ဍသည် တရားမဝင်ငွေ အများအပြားစီးဝင်နိုင်သည့် လုပ်ငန်းကဏ္ဍတစ်ခုဖြစ်သဖြင့် AML/CFT စနစ်အတွင်း အရေးပါသောအခန်းကဏ္ဍတစ်ရပ်ကို ထမ်းဆောင်နေသည့် ဂိတ်စောင့်တံခါးမှူးများဖြစ်ပါသည်။ အိမ်ခြံမြေလုပ်ငန်းများသည် ငွေကြေးလွှဲပြောင်းမှုများနှင့် ပိုင်ဆိုင်မှုအပြောင်းအလဲများအတွက် အရေးကြီးသော ဈေးကွက်တစ်ခုဖြစ်သောကြောင့် ငွေကြေးခဝါချမှု အန္တရာယ်များကို လျှော့ချနိုင်ရန် စနစ်တကျစောင့်ကြည့်မှုနှင့် လိုက်နာဆောင်ရွက်မှုများ လိုအပ်**

**မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်**

မြန်မာနိုင်ငံ၏နောက်ဆုံးရလဒ်အခြေအနေမှာ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) မျက်နှာစုံညီအစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့ (ICRG) အစည်းအဝေးကို ယခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့၌ ကျင်းပရာ မြန်မာနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပါသည်။

ထိုအစည်းအဝေးတွင် ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေသစ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဥပဒေသစ်ပြဋ္ဌာန်းပြီးပါက ကျန်ရှိသည့် Action Plan ငါးချက်သည် တိုးတက်မှုရှိလာမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်အတွင်း အပြည့်အဝ အကောင်အထည်ဖော် လိုက်နာဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေးအရ စိတ်အားထက်သန်မှုနှင့် နိုင်ငံရေးအရ အဆင့်မြင့်အရာရှိကြီးများ၏ သန္နိဋ္ဌာန်ချမှတ်ထားမှုအပါအဝင် တိုးတက်ဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးခဲ့ပါသည်။

ထို့နောက် Asia Pacific Group on Money Laundering - APG မှ အမှုဆောင်အတွင်းရေးမှူးကလည်း မြန်မာနိုင်ငံသည် FATF နှင့် APG အပါအဝင် အခြားနိုင်ငံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လိုမှု အပြည့်အဝရှိကြောင်းနှင့် နိုင်ငံရေးအရ အဆင့်မြင့်အရာရှိကြီးများကိုယ်တိုင် စိတ်အားထက်သန်မှုရှိသည်ကိုပြသခဲ့ကြောင်း၊ နည်းပညာအကူအညီပံ့ပိုးမှုများကိုလည်း ဆောင်ရွက်ပေးသင့်ကြောင်း ဆွေးနွေးခဲ့ကြပြီး မိတ်ဆွေနိုင်ငံများမှလည်း ကျန်ရှိသည့် Action Plan များ ပြီးမြောက်အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် အချိန်ထပ်မံပေးသင့်ကြောင်း ထောက်ခံဆွေးနွေးခဲ့ကြသည်။

ICRG အစည်းအဝေးတွင် ဆွေးနွေးချက်များအရ FATF မျက်နှာစုံညီအစည်းအဝေး၌ ဆက်လက်ဆွေးနွေးခဲ့ပြီးနောက် Public Statement တွင် "တိုးတက်မှုများ ဆက်လက်နှောင့်နှေးနေသည်" ဆိုသည့်စာသားကိုပယ်ဖျက်၍ မြန်မာနိုင်ငံအား မူလအတိုင်း အလေးထားစိစစ်မှုများပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့် ဒေသများစာရင်းတွင်ပင် ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ကြသည်။

**အိမ်ခြံမြေဝန်ဆောင်မှုအသင်းကိုဖွဲ့စည်း**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းကို ၂၀၁၂ ခုနှစ်တွင် တရားဝင်မှတ်ပုံတင်၍ ဖွဲ့စည်းခဲ့ပါသည်။ အသင်းသည် ၂၀၁၄ ခုနှစ်မှစတင်၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်တွင် အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်လာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ရေးဗဟိုအဖွဲ့ (NRA) ဗဟိုအဖွဲ့တွင် ပါဝင်လာခဲ့ပါသည်။

NRA လုပ်ငန်းအစီအစဉ် POC ရှာဖွေခြင်း အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံတော်ညီ့ဂေဟာတွင် ၃၀- ၃ -၂၀၁၆ ရက်နေ့မှ ၁ - ၄- ၂၀၁၆ ရက်နေ့အထိကျင်းပခဲ့ရာ အသင်းမှ ကိုယ်စားလှယ်တစ်ဦး တက်ရောက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် အပြန်အလှန်အကဲဖြတ်ရေး(ME)ဗဟိုအဖွဲ့ကို ဖွဲ့စည်းရာတွင်လည်း အသင်းအနေဖြင့် ကိုယ်စားလှယ်တစ်ဦး ပါဝင်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရကထုတ်ပြန်သော ညွှန်ကြားချက်အမှတ် (၁/၂၀၂၂) အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ကြီးကြပ်ရေးအာဏာပိုင်ဖြစ်လာခဲ့ပြီး ယင်းဌာနအနေဖြင့် သတင်းပို့အဖွဲ့အစည်းဖြစ်သော အိမ်ခြံမြေလုပ်ငန်းဆောင်ရွက်သူများအား ငွေကြေးခဝါချသင်တန်းများပေးခြင်း၊ သင်တန်းဆင်းလက်မှတ်ရရှိပြီးသူများအား အိမ်ခြံမြေလုပ်ငန်းလုပ်ဆောင်ခွင့် အသိအမှတ်ပြုကတ်ပြား ထုတ်ပေးခြင်း၊ Offsite Questionnaire မေးခွန်းများကို ဖြေဆိုစေခြင်း၊ On-site Inspection စစ်ဆေးခြင်းများဆောင်ရွက်ခြင်း၊ လိုက်နာဆောင်ရွက်ရေးအရာရှိ (Compliance Officer) များခန့်အပ်၍ STR/TTR များပို့ဆောင်ရန် ကြပ်မတ်စစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံမှ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)၏ အကြံပြုချက် ၄၀ နှင့်ပတ်သက်၍ အိမ်ခြံမြေကဏ္ဍမှ လိုက်နာရန် လိုအပ်လျက်ရှိသော အချက်အလက်များကို ကြီးကြပ်ရေးအာဏာပိုင်ဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်တွင် FATF မျက်နှာစုံညီအစည်းအဝေးမှ ကင်းလွတ်ခွင့်ရခဲ့ပါသည်။

ထိုကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုများကြောင့် အိမ်ခြံမြေကဏ္ဍတွင် AML/CFT ဆိုင်ရာ အသိပညာနှင့် လိုက်နာမှုအဆင့်များ တဖြည်းဖြည်း တိုးတက်လာခဲ့ပါသည်။ ယခင်က မသိရှိသေးသော စည်းမျဉ်းများနှင့်စနစ်များကို လုပ်ငန်းရှင်များ သိရှိလာကြပြီး ပိုမိုစနစ်ကျသော လုပ်ငန်းပတ်ဝန်းကျင်တစ်ရပ် တည်ဆောက်နိုင်ရန် အခြေခံအုတ်မြစ်များ တည်ထောင်လာနိုင်ခဲ့ပါသည်။

စာမျက်နှာ ၁၉ သို့ ❋

# တပ်ကုန်းမြို့နယ် ဗျိုင်းအင်းကျေးရွာ “အနာဂတ်ရောင်ခြည်” စာကြည့်တိုက် ဖွင့်လှစ်



တပ်ကုန်း မတ် ၂၇

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ဗျိုင်းအင်းကျေးရွာ “အနာဂတ်ရောင်ခြည်” စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို တပ်ကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဒေါက်တာခင်မောင်ထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ ဗျိုင်းအင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် “အနာဂတ်ရောင်ခြည်” စာကြည့်တိုက်မှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တပ်ကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဒေါက်တာခင်မောင်ထွန်းက အမှာစကားပြောကြားပြီး “အနာဂတ်ရောင်ခြည်” စာကြည့်တိုက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကျောက်ဆည်မြို့၌ အချိန်ကိုအကျိုးရှိစေရေး ကျန်းမာရေးအသိပညာပေးသင်တန်းဖွင့်

ကျောက်ဆည် မတ် ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့နံနက်ပိုင်းက ကျန်းမာရေးအသိပညာပေးသင်တန်း ဖွင့်လှစ်သည်။

**သင်ကြားပို့ချ**

သင်တန်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းအိန္ဒာထက်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးသဘောတရားနှင့် အခြေခံမူ(၅)ချက်၊ ကူးစက်ရောဂါ၏ အဓိပ္ပာယ်၊ ကူးစက်ပြန့်ပွားပုံကွင်းဆက်များ၊ ကူးစက်ရောဂါဖြစ်လာလျှင် ပြုလုပ်ရမည့် အချက်အလက်များနှင့် ချက်ချင်းဆောင်ရွက်ရန် နည်းလမ်းများ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုကြောင့် ဖြစ်ပွားတတ်သောရောဂါများ၊ အမှိုက်သရိုက်များ စနစ်တကျစွန့်ပစ်ရန် နည်းလမ်းများအကြောင်း စသည့်ကျန်းမာရေးအသိပညာများ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

သက်မောင် (ကျောက်ဆည်)

# တာချီလိတ်မြို့နယ်အတွင်း Fire Hotspots များဖြစ်ပေါ်ခဲ့သည့် ကျေးရွာအုပ်စုများသို့ ကွင်းဆင်းစစ်ဆေး

တာချီလိတ် မတ် ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း Fire Hotspots မီးလောင်မှုများပြားခဲ့သည့် လွယ်တော်ခမ်းကျေးရွာအုပ်စု ကြိုးတံတားကျေးရွာသို့ ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်ပြည့်ဝေဇင်နှင့် ဦးရှိုင်းဟိန်းကျော်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းအဖွဲ့များက မတ် ၂၄ ရက်တွင် Fire Hotspot ဖြစ်ပေါ်ခဲ့သည့် တာချီလိတ်မြို့မှ (၂၁) မိုင်ခန့်အကွာ လွယ်တော်ခမ်းကျေးရွာအုပ်စု ကြိုးတံတားကျေးရွာအနီးရှိ Hotspots point သုံးနေရာသို့ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ကျော်ဇေယျာလင်း (ပြန်/ဆက်)

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ဇဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်(CEIR)ဆိုင်ရာ အသိပညာပေး ဟောပြော

ရန်ကုန် မတ် ၂၇

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ဇဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အခွန်ထမ်းပြည်သူများအား ယမန်နေ့နံနက်ပိုင်းက မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။



ဦးစွာ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ဝင်းမာလာက ဇဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) ဆိုင်ရာနှင့်ပတ်သက်၍ ပြည်သူများအား ပိုမိုသိရှိနိုင်ရေး အသိပညာပေး ဟောပြောသည်။

ထို့နောက် အခွန်ထမ်းပြည်သူများနှင့် လုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဒိုက်ဦးမြို့နယ် ပလစ်ကျေးရွာ၌ ကျေးရွာတွင်းဂဝံလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ဒိုက်ဦး မတ် ၂၇

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒိုက်ဦးမြို့နယ် ပလစ်ကျေးရွာ၌ ကျေးရွာတွင်း ဂဝံလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဒိုက်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ညောင်လေးပင်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက ပလစ်ကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများက ဂဝံလမ်းသစ်မုခ်ဦးဆိုင်းဘုတ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။ **မောင်ခိုင်**

---

✻ စာမျက်နှာ ၁၈ မှ

ထို့အပြင် အိမ်ခြံမြေကဏ္ဍတွင် ပွင့်လင်းမြင်သာမှု တိုးတက်စေရန်နှင့် တရားမဝင်ငွေကြေးများစီးဆင်းမှုကို စနစ်တကျတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကိုလည်း တိုးတက်အောင် ဆောင်ရွက်လာခဲ့ကြပါသည်။

နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ အနေဖြင့်မည်သည့်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည်ကို ဆုံးဖြတ်ရာတွင် ထိုနိုင်ငံ၏ ဘဏ္ဍာရေးစနစ် ပွင့်လင်းမြင်သာမှုနှင့် ဥပဒေလိုက်နာမှုအဆင့်များကို အလေးထားသုံးသပ်ကြပါသည်။ ထို့ကြောင့် AML/CFT စနစ်ကောင်းမွန်မှုသည် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန် အထောက်အကူပြုနိုင်ပါသည်။

အိမ်ခြံမြေကဏ္ဍတွင် ပွင့်လင်းမြင်သာသော အိမ်ခြံမြေဈေးကွက်တစ်ရပ်ရှိခြင်းသည် ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံသူများအတွက် ယုံကြည်စိတ်ချရသော စီးပွားရေးပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ပါသည်။ ထိုကဲ့သို့သောပတ်ဝန်းကျင်တစ်ရပ်တည်ဆောက်နိုင်ပါက အိမ်ခြံမြေဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာနိုင်ပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

**ပွင့်လင်းမြင်သာသော စီးပွားရေးစနစ်တစ်ရပ်ကို တည်ဆောက်နိုင်မည်**

၂၀၂၆ ခုနှစ်တွင် ပေါ်ပေါက်လာမည့်ရွေးကောက်ခံအစိုးရအသစ်နှင့်အတူ အိမ်ခြံမြေကဏ္ဍအပါအဝင် စီးပွားရေးလုပ်ငန်းများသည် AML/CFT ဆိုင်ရာလုပ်ငန်းများကို ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာပါက ငွေကြေးခဝါချမှုအန္တရာယ်များကို ထိရောက်စွာလျှော့ချနိုင်ပြီး ပွင့်လင်းမြင်သာသော စီးပွားရေးစနစ်တစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အိမ်ခြံမြေဝန်ဆောင်မှုပေးသူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးသည် AML/CFT စည်းမျဉ်းများကို နိုင်ငံတော်စနစ်တစ်ရပ်အဖြစ် အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ မိမိတို့လုပ်ငန်းပတ်ဝန်းကျင်ကို သန့်ရှင်းစေရန်နှင့် ယုံကြည်စိတ်ချရသော စီးပွားရေးစနစ်တစ်ရပ် တည်ဆောက်နိုင်ရန်အတွက် အဖွဲ့အစည်းအားလုံး၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်နေဆဲဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် ၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ထုတ်ပြန်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစနစ်ကို ပိုမိုခိုင်မာလာစေပြီး စီးပွားရေးပတ်ဝန်းကျင်ကို ပွင့်လင်းမြင်သာစေရန် အရေးပါသောအဆင့်တစ်ရပ်ဖြစ်ပါသည်။ အိမ်ခြံမြေကဏ္ဍအနေဖြင့်လည်း ထိုလုပ်ငန်းစဉ်တွင် ပါဝင်ကာ AML/CFT စနစ်များကို ယခင်အတိုင်း ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

နိုင်ငံတော်အကြီးအကဲကလည်း မြန်မာ့မျက်နှာစာသစ်ဖိုရမ်တွင် “ မကြာမီ အစိုးရအသစ်နှင့်အတူ မြန်မာနိုင်ငံ၏ အရဏ်ဦးနံနက်ခင်းသစ်တစ်ခုဒါမှမဟုတ် မျက်နှာစာသစ်တစ်ခုကို ရောက်ရှိတော့မှာဖြစ်ပါတယ်။ မျက်နှာစာသစ်လို့ အမည်တပ်ထားပေမယ့် နိုင်ငံရဲ့ရုပ်ပိုင်းဆိုင်ရာ မျက်နှာစာသစ်တစ်ခုတည်းကိုပဲ ဆိုလိုတာမဟုတ်ဘဲစိတ်သစ်၊ လူသစ်၊ အတွေးအမြင်သစ်၊ အခင်းအကျင်းသစ်၊ လုပ်နည်းလုပ်ဟန်သစ်၊ Vision အသစ်၊ Mission အသစ်” တို့ပါဝင်ကြောင်း ထည့်သွင်းမိန့်ကြားသွားပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၌ ၂၀၂၆ ခုနှစ်တွင် တာဝန်ထမ်းဆောင်မည့် အစိုးရသစ်သည် ၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ပွင့်လင်းမြင်သာသော စီးပွားရေးစနစ်တစ်ရပ် တည်ဆောက်နိုင်ပါက နိုင်ငံတကာယုံကြည်မှုများ တိုးတက်လာပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည်ဖြစ်ပါသည်။ ထိုအခါ မြန်မာ့စီးပွားရေးတိုးတက်မှုများရရှိကာ မြန်မာ့အိမ်ခြံမြေကဏ္ဍသည်လည်း ဆက်လက်တိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အောင်ပန်းမြို့၌ စက်မှုလက်မှုပညာသင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲကျင်းပ

ကလော မတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း အောင်ပန်းမြို့၌ ယမန်နေ့ နံနက်ပိုင်းက စက်မှုလက်မှုပညာသင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။




### ပေးအပ်ချီးမြှင့်

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး စက်မှုလက်မှုပညာသင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းတွင် ထူးချွန်းဆုရ သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက သင်တန်းသား သင်တန်းသူများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### ၂၂ ပတ်ကြာ ဖွင့်လှစ်

အဆိုပါ သင်တန်းကျောင်း၌ စက်မှုလက်မှုအခြေခံသင်တန်းတွင် လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းတို့ကို သင်တန်းသား ၃၀ ဖြင့်လည်းကောင်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းတွင် အစားအစာနှင့် အဖျော်ယမကာသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်းတို့ကို သင်တန်းသူ ၂၀ ဖြင့်လည်းကောင်း သင်တန်းကာလ ၂၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)



# ခန္တီးမြို့၌ လူငယ်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံ နာဂမစ်ဘာသာစကား အရေး/အပြော သင်တန်းဆင်းပွဲပြုလုပ်

ခန္တီး မတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ခန္တီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နာဂမစ်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ဗဟို)တို့ပူးပေါင်း၍ လူငယ်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံ နာဂမစ်ဘာသာစကား အရေး/အပြော သင်တန်းကို မတ် ၄ ရက်မှစတင်ဖွင့်လှစ်ခဲ့ရာ ယနေ့နံနက် ၁၁ နာရီက သင်တန်းဆင်းပွဲအခမ်းအနားကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခန္တီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးခိုင်က အမှာစကားပြောကြားပြီး နာဂမစ်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးပီကွေက သင်တန်းတွင်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တာဝန်ခံ ဦးသန့်စင်နှင့် ခန္တီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ သချ်ာစွမ်းရည်ပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးခိုင်က သင်တန်းနည်းပြဆရာမ ဒေါ်ယောင်းလှိုင်းရှီးအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲ ကျင်းပ

လပွတ္တာ မတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် (၃)မိုင်မြို့သစ်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတွင် မတ် ၂၆ ရက် မွန်းလွဲပိုင်းက အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲ ကျင်းပသည်။



ဦးစွာ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်စန်းချစ်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၁၁)တွင် ထူးချွန်ဆုရရှိသူအား ဆုချီးမြှင့်ခြင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို တာဝန်ရှိသူများကပေးအပ်ပြီး သင်တန်းသူကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။ ယင်းနောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များနှင့် သင်တန်းတစ်ပတ်စဉ် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး သင်တန်းကျောင်းမှ သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အမျိုးသား(အလွတ်တန်း)ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ



ရန်ကုန် မတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အမှတ်(၁၁၈) ရပ်ကွက် အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း) ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေက တက္ကသိုလ်ရိပ်မွန်အိမ်ရာ ပန်းခြံဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဒဂုံထိပ်ထားဘောလုံးအသင်းနှင့် ရိပ်မွန်စတားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒဂုံထိပ်ထားဘောလုံးအသင်းက ရိပ်မွန်စတား ဘောလုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ပထမဆု ရပ်ကွက်အုပ်ချုပ်ရေးမှူးဖလားကို ဆွတ်ခူးရရှိခဲ့ပြီး ဆုရရှိသူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အေးမဥ္ဇူ

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ထန်းတပင်မြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်အကြောင်း အသိပညာပေး

ရန်ကုန် မတ် ၂၇

ဗဟိုမိုဘိုင်း စက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ်အကြောင်းအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အခွန်ဦးစီးဌာန မှူးရုံးတွင် ကျင်းပသည်။

အသိပညာပေး ဆွေးနွေးပွဲတွင် မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ယဉ်မီမီချိုက ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR)အကြောင်း အသိပညာပေး ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။




ဇင်မင်းထိုက်(ထန်းတပင်)

ကျန်းမာရေးဝန်ကြီးဌာန

# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

၁

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

## အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ

- ➢ တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- ➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက် မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- ➢ မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ➢ ရေများများသောက်ပါ။





၂

## အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- ➢ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ➢ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ➢ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- ➢ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ် အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၃



## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- ➢ အလွန်အမင်းရေဆာခြင်း၊
- ➢ ဂနာမငြိမ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- ➢ အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်း ခြောက်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ တက်ခြင်း၊ သတိလစ်ခြင်း။

၄

## အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက -

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ် ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက် များကိုလိုက်နာပါ။



## အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- ➢ သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ➢ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ➢ ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- ➢ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

၅

## အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- ➢ လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- ➢ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ➢ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ➢ လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- ➢ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- ➢ လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ
ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့
အမြန်ဆုံး သွားရောက်ပြသပါ။

၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# ၂၀၂၆ ခုနှစ် မတ် ၂၆ ရက်တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$)နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာ ဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင် အောက်ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း** (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ၂၀၂၆ ခုနှစ် ဧပြီလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ကိုးရက်မှ ၁၂ ရက်ခန့်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ငါးရက်မှ ရှစ်ရက်ခန့်နှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တစ်ရက်မှ လေးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဧပြီလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် သုံးပေခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် နှစ်ပေခန့်နှင့် မဒေါက်မြို့တွင် ပေဝက်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် သုံးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

# တပ်ကုန်းမြို့နယ် ရွှေစုကျေးရွာတွင် အထူးကုဆရာဝန်ကြီးများ အခမဲ့ဆေးကုသပေး

တပ်ကုန်း မတ် ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေစုကျေးရွာတွင် နေပြည်တော်ကုသရေးဦးစီးဌာနကြီးကြပ်မှုဖြင့် အထူးကုဆရာဝန်ကြီးများ ပါဝင်သော နယ်လှည့်ကွင်းဆင်းဆေးကုသရေးအဖွဲ့နှင့် တပ်ကုန်းခုတင်(၁၀၀) ပြည်သူ့ဆေးရုံမှ ဆရာဝန်များ ပူးပေါင်း၍ အခမဲ့ဆေးကုသပေးခြင်းကို မတ် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ယာယီဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

ထိုဆေးခန်းများတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်း၊ နေပြည်တော်ခုတင်(၃၀၀) ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်တို့က အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ ဆေးကုသပေးနေမှုနှင့် ဆေးဝါးများ ပေးနေမှုကို လိုက်လံကြည့်ရှုသည်။

ထို့နောက် လာရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ဗုဒ္ဓရုပ်ပွားတော်နှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဆေးကုသရေးအဖွဲ့အား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။



တပ်ကုန်းမြို့နယ် ရွှေစုကျေးရွာနှင့် အနီးကျေးရွာများမှ ဒေသခံပြည်သူများ ကုသမှုစာရင်းတွင် အထွေထွေရောဂါ ၁၆၃ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၀၊ အရိုးရောဂါ ၁၃၉ ဦး၊ သွားရောဂါ ၁၄ ဦး၊ အကြောအဆစ်ရောဂါ ငါးဦး၊ မျက်စိရောဂါ ၁၃၅ ဦး၊ တယ်လီဗီးရှင်းဓာတ်မှန်ရိုက်သူ ၁၇ ဦး၊ ကလေးရောဂါ ၅၁ ဦး၊ ခွဲစိတ်ကုသလူနာ ၁၇ ဦး စုစုပေါင်း ဒေသခံပြည်သူ ၅၆၁ ဦး၊ လွှဲပြောင်းလူနာ ၈၂ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ကယားပြည်နယ်ဝန်ကြီးချုပ် နွေရာသီ အခြေခံ အားကစားသင်တန်းဆင်းပွဲ တက်ရောက်



**လွိုင်ကော် မတ် ၂၇**

ကယားပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့သော ၂၀၂၆ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ဒေါဦးခူရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း ရုံအမှတ် (၃)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဘင်ခရာတပ်ဖွဲ့၏ တီးမှုတ်ဖျော်ဖြေမှု၊ သင်တန်းသား သင်တန်းသူများ၏ Fitness Dance၊ ဗန်ရှည်တုတ်သိုင်း၊ မြန်မာ့သိုင်း ဓားနှစ်လက်၊ မြန်မာ့သိုင်း လုံ့စွမ်းရည်နှင့် အခြေခံမြန်မာ့သိုင်းစွမ်းရည်များဖြင့် သရုပ်ပြတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးသည်။

**ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ ဒေသကွပ်ကဲရေးမှူးက နည်းပြချီးမြှင့်ငွေများကိုလည်းကောင်း၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း သရုပ်ပြအားကစားအဖွဲ့များအား ပေးအပ်ကြသည်။ အဆိုပါ နွေရာသီအားကစားသင်တန်းတွင် အားကစားနည်း ၁၆ နည်းဖြင့် သင်တန်းသား သင်တန်းသူ ၈၄၇ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## "ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ" မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်




**နေပြည်တော် မတ် ၂၇**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင် ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာ ဗဟုသုတရရှိနိုင်စေရန် ရည်ရွယ်ချက်များနှင့် သဘင်ပညာရှင်များ၏ အနုပညာရသစွမ်းရည်များ ဖော်ထုတ်ပြသမည့် " ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက်ဇာတ်လမ်းများ " အစီအစဉ် ဆန်းသစ်တင်ဆက်မှုကို အပတ်စဉ် စီစဉ်တင်ဆက်ပေးလျက်ရှိသည်။

**ဖျော်ဖြေတင်ဆက်**

"ငါးရာ့ငါးဆယ် ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ" အစီအစဉ်တွင် "သဉ္စိဝ ဇာတ်တော် (အဇာတသတ်)"ကို ဖော်ပြထားသည့် "ကိုးကွယ်မှုမှားယွင်းခြင်း" အပိုင်း(၂)ကို နန်းတော်ရှေ့ဆရာတင်၏မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး အကယ်ဒမီ အေးချမ်းမောင်၊ နန်းဝင်း၊ ယွန်းဝတ်လွှာအောင်၊ ရန်ရှင်းမောင်၊ ထက်မြက်အောင်၊ ပန်းအိစံ၊ ပန်းကဗျာ၊ ပိုးပိုးအိမ်၊ တောက်တဲ့၊ အောင်သွေးသစ်၊ လင်းမြတ်အောင်နှင့် ရွှေနန်းသဘင်အဖွဲ့သားများက ပါဝင်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။။

အဆိုပါ အစီအစဉ်ကို MRTV-HD Channel မှ မတ် ၂၈ ရက် (စနေနေ့) ည ၉ နာရီတွင်လည်းကောင်း၊ MRTV Entertainment Channel မှ မတ် ၂၉ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင်လည်းကောင်း ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဧပြီ ၁ ရက် (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် MRTV – HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## "ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၇**

"ချစ်စရာ့အရွယ်ကစားကြမယ်" ကလေးအစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ မတ် ၂၈ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် MRTV-HD Channel မှ BEST CHOICE Pre School နှင့် EMPRESS Education Center တို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို ထုတ်လွှင့်ပြသမည်ဖြစ်ရာ MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်၍ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။





အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန တို့ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV Entertainment Channel တွင် မတ် ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ပြသမည်ဖြစ်ပြီး MRTV-HD Channel တွင် မတ် ၃၀ ရက် (တနင်္လာနေ့) ညနေ ၄ နာရီသတင်းအပြီးတွင် ထပ်မံပြသမည်ဖြစ်သည့်အပြင် MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရွှေသွေးဂျာနယ်ထွက်ရှိ




မတ် ၂၈ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေး ဂျာနယ် အတွဲ (၅၈)၊ အမှတ် (၁၃) တွင် မိတ်ဆွေ အချင်းချင်း စည်းလုံး ညီညွတ်မှုဖြင့် ယုန်ကလေးကို အသက်ဘေးအန္တရာယ်မှ ကယ်တင် လိုက်နိုင်ခဲ့သော ယုန်လေး၏ မိတ်ဆွေ သူငယ်ချင်းများအကြောင်း သရုပ်ဖော်ထားသည့် "အဆွေခင်ပွန်း" မျက်နှာဖုံးကာတွန်း၊ Blind Box အကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် "ယနေ့ခေတ်စား Blind Box များ" သုတဆောင်းပါးကဏ္ဍ၊ ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်ကဏ္ဍ၊ မိုးရွာသော ညတစ်ညတွင် တောင်းကို ခေါင်းဆောင်းလာသော ကလေးငယ်အား ထင်ယောင်ထင်မှားဖြင့် ကန်လိုက်မိသော ဦးအောင်ကြီး အကြောင်း သရုပ်ဖော်ထားသည့် "ခေါင်းကြီး ကိုယ်သေး သရဲ" နှစ်မျက်နှာကာတွန်း၊ မီးဖြင့် မကစားမိစေရန် ဆုံးဖြတ်ချက်ချလိုက်သော ဖိုးနီတို့ သူငယ်ချင်းသုံးဦးအကြောင်း ဖတ်ရှုရမည့် "မီးမဆော့ရ" ဝတ္ထုကဏ္ဍ၊ ချောင်းဆိုးမည်ကို စိုးရိမ်စရာ မလိုပါဘူးဆိုသော ဟန်သီမအကြောင်း သရုပ်ဖော်ထားသည့် "ဟန်သီမ" တစ်မျက်နှာ ဟာသကာတွန်း၊ အချင်းချင်း ပြောဆိုဆက်ဆံရာတွင် လိုက်နာကျင့်သုံးအပ်သော အပြုအမူကောင်းများအကြောင်း ရေးဖွဲ့ထားသည့် ဆရာအောင်ဇော်ဦး (ကြို့ပင်ကောက်)၏ "ပေါင်းသင်းဆက်ဆံရေး" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

အဆိုပါစာအုပ်ကို စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

သတင်းစဉ်

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်နန့်အိဆုမွန် [၁၄/ကပန(နိုင်) ၁၅၀၆၂၄]၏ အမည်မှာ ဒေါ်နန့်အိဆုမွန်နှင့် နန့်အိဆုမွန်ဖြစ်နေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း၊ ၎င်း၏ဖခင် ဦးအုန်းတင် [၁၄/ကပန(နိုင်) ဝ၉၃၂၀၀]၏ အမည်မှာ ဦးအုန်းတင်နှင့် မန်းအုန်းတင်ဖြစ်နေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း နှင့် ၎င်း၏မိခင် ဒေါ်နန့်စန်းဝင်း [၁၄/ကပန(နိုင်) ဝ၉၃၂၀၁]၏အမည်မှာ ဒေါ်နန့်စန်းဝင်း နှင့် ဒေါ်စန်းဝင်း ဖြစ်နေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၅၃)၊မြေကွက် အမှတ်(၂၄၂၀)၊ ဒေါ်ခင်သန်းမြင့် [၁၃/တယန(နိုင်)ဝ၁၉၄၉၈]၊ နှစ်(၆၀) ဂရန်မူရင်း အမည်ပေါက် (၄၀x၆၀)ပေ မြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဦးသိန်းဇော်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်းက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**၀၉-၄၄၀၉၈၆၁၄၆**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်းလျှက်ကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာ၊ ကွင်းအမှတ်(၅၇၆ᵃ) ဦးပိုင်အမှတ်- ၈၈/၁၊ (ဧရိယာ- ၁.၈၅ ဧက)အနက်မှ အလျား(၄၀)ပေx အနံ (၅၈)ပေ မြေကွက်အမှတ်(A-9) ဟုခေါ်တွင်သော မြေကွက်အပါအဝင် မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေလုပ်ငန်းလုပ်ကိုင်သူ **အမည်ပေါက်ပိုင်ရှင် ဦးဟရန်ကျန်ထန်**ထံမှ ဝယ်ယူထားသူ **ဦးဝင်းကို [၁၂/မဘန(နိုင်)၁၃၂၈၂၅]**မှ လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **မိဖူးဖူးဝေ [၁၀/ခဆန(နိုင်) ၁၃၈၁၄၀]**မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ **"နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ်"**ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဖူးဖူးဝေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၀၆၉)**
**အမှတ်(၁၂/၁၈၉)၊ အောင်ကျက်သရေလမ်း၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ၀၉-၂၆၁၁၀၁၁၃၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊(ဆ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ် (၁၁-၃၁)၊ ဦးပိုင်အမှတ်(၁)၊ ၁၂၈x၁၂၉ ကြား၊ ၄၅x၄၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မြဦး [၇/ပမန (နိုင်) ၀၁၂၃၄၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဘ)ဦးရဲမြင့်ထွန်း၏ သားဖြစ်သူ ကျွန်တော်မောင်ဝေယံထွန်း [၁၂/ဒဂမ(နိုင်)၀၂၉၀၅၅] နှင့်ရန်ကုန်မြို့၊ အလုံမြို့နယ်နေ (ဘ) ဦးကျော်ဝင်းဒင်၏ သမီးဖြစ်သူ မနုအဥ္စလီ [၁၂/ဗဟန(နိုင်)၁၀၂၀၂၄]တို့သည် ၂၃-၃-၂၀၂၆ ရက်နေ့တွင် အလုံခရိုင်တရားရုံး၌ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**မောင်ဝေယံထွန်း [၁၂/ဒဂမ(နိုင်)၀၂၉၀၅၅]**
**ဖုန်း-၀၉-၄၂၀၀၁၁၈၈၁**




## "ဝယ်ယူပြီးစီးကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၁)၊ မြေကွက်အမှတ်(၁၃၄၈)၊ (အလျား ၄၀ပေx အနံ ၆၀ပေ)၊ အကျယ်ရှိ မြေချပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့နှင့်ပတ်သက်၍ ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှု ဌာနတို့တွင် **ဦးအောင်သိန်း (SRM- ၀၂၅၁၆၃) [၁၂/စခန(နိုင်)၀၁၃၉၂၄]** အမည် ပေါက်သော မြေကွက်ဖြစ်ပြီး၊ ၎င်းတစ်ဦးတည်းကသာ ပိုင်ဆိုင်ထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ခင်ဘုန်းမြင့် [၁၂/ရကန(နိုင်) ၀၅၂၁၀၄]**မှ ဥပဒေနှင့် အညီ အပြီးအပိုင်လွှဲပြောင်းဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မည်သူမဆို အဆိုပါ မြေကွက်လက်ရောက်ဝယ်ယူထားခြင်းနှင့်စပ်လျဉ်းပြီး ကန့်ကွက်မည့်သူ ရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုရွှေ LL.B., D.B.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၅၆၅)**
**အမှတ် (၅၀/ခ)၊ မဟော်သဓာ(၁)လမ်း၊ (၁၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၅၀၉၂၈၈၂၊ ၀၉-၇၇၃၀၈၄၇၈၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- သကတ- ၁၁၊ ဗိုလ်တထောင်လမ်း၊ လူနေရပ်ကွက်အမှတ်- ညောင်ရွာ၊ မြေကွက် အမှတ်- ၅၉၂/ခ၊ အကျယ်အဝန်း အလျားxအနံ (၂၀x၆၀)ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ဒေါ်ခင်မြိုင် အမည်ပေါက် မြေငှားဂရန်စာချုပ်မူရင်းနှင့် အတူ ယင်းအိမ်ခြံမြေကွက်နှင့် ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အရှုပ်အရှင်းကင်းရှင်းကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုပြောဆိုသူ ဦးတင်အောင် [၁၂/လသယ(နိုင်) ၀၀၆၀၂၈]က ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းပိုင် [၈/မဘန(နိုင်) ၀၉၁၄၆၆]က ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ (စရန်)ငွေအား ပေးချေထားပြီး ဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထား(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၃)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သွယ်သွယ်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၂၃၇)**
**စပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း- 09-420041137**

## 3J/1796(HONDA FIT GE6) မော်တော်ယာဉ်၏ လိုင်စင်နံပါတ်အား တရားမဝင်ခိုးယူသုံးစွဲသူနှင့် အများသိစေရန်အသိပေးကြေညာခြင်း

ဦးသိန်းနိုင်ဦး [၁၂/သဃက(နိုင်) ၁၄၀၈၄၅]သည် 3J/1796 (HONDA FIT GE6) မော်တော်ယာဉ်အား ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး အဆိုပါမော်တော်ယာဉ်၏ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နှင့် မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံ လက်မှတ်တို့ကို လက်ဝယ်ထားပိုင်ဆိုင်သူတစ်ဦးဖြစ်သည်။ မော်တော်ယာဉ်နှင့် ပတ်သက်၍လည်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော် ယာဉ်စစ်ဆေးမှုများလည်း ပြုလုပ်ပြီးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ 3J/1796 မော်တော်ယာဉ်နံပါတ်အား ခိုးယူသုံးစွဲနေကြောင်း ကြားသိရပါသည်။ ထို့ကြောင့် နောက်နောင်တွင် ကျွန်ုပ်မိတ်ဆွေ၏ 3J/1796 မော်တော်ယာဉ်နံပါတ်အား ထပ်မံ၍ မည်သည့်နေရာတွင်မဆို တရားမဝင်ခိုးယူသုံးစွဲပါကပြုလုပ်သူနှင့် ပါဝင် ပတ်သက်သူများအားလုံးကို တည်ဆဲတရားဥပဒေများအတိုင်း ရာဇဝတ်ကြောင်း အရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း နစ်နာမှုများ အတွက် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ခိုးယူသုံးစွဲသူ များသိစေရန်နှင့် ၎င်းတို့၏ ပြုလုပ်မှုများကြောင့် ဖြစ်ပေါ်လာသည့် မည်သည့်ကိစ္စ ကိုမျှ ကျွန်ုပ်မိတ်ဆွေသည် လုံးဝ(လုံးဝ) တာဝန်ယူပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးသိန်းနိုင်ဦး**
**[၁၂/သဃက(နိုင်)**
**၁၄၀၈၄၅]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၅၄၃)**
**တိုက်အမှတ်(၉/၁၁၊ ၃/ခ)၊ မြေညီ၊ ၃၆-လမ်းတို(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၄၂၃၇၁**

## "ဒေါ်တင်တင်ကျော် [၁၄/ဝခမ(နိုင်)၁၇၂၂၁၀]နှင့် အများသိစေရန်ကြေညာချက်"

ဦးအောင်နိုင်ဦး [၉/မရတ(နိုင်)၁၀၁၈၃၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်နိုင်ဦး [၉/မရတ(နိုင်)၁၀၁၈၃၁]နှင့် ဒေါ်တင်တင်ကျော် [၁၄/ဝခမ(နိုင်)၁၇၂၂၁၀]တို့သည် ၂၀၀၆ ခုနှစ်မှစ၍ တရားဝင် လက်ထပ်ထိမ်းမြားပေါင်းသင်းခဲ့ပြီး၊ ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်တင် တင်ကျော်တို့ ပေါင်းသင်းနေထိုင်ကြစဉ် ရန်ကင်းမြို့နယ်၊ အနောက်ရန်ကင်း ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၄၀၃)၊ တိုက်ခန်း (၁)ခန်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာလမ်းနှင့် သံသုမာ လမ်းထောင့်ရှိ အမှတ်(၅၇၉)၊ အခန်း(6D)၊ တိုက်ခန်း(၁)ခန်းနှင့် တောင် ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿက(၂၄)လမ်း၊ အမှတ်(၇၂၀)အကျယ် အဝန်း(ပေ၄၀x ပေ၆၀)မြေကွက်တို့မှာ ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်တင် တင်ကျော်တို့ နှစ်ဦးပိုင်ဆိုင်သည့် လက်ထက်ပွားပစ္စည်းများဖြစ်ကြပါသည်။ သဃ်္ဃန်းကျွန်းခရိုင်တရားရုံး၊ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၉၈၁ အမှု တွင် ကျွန်ုပ်၏မိတ်ဆွေက ဒေါ်တင်တင်ကျော်အပေါ် လင်မယားကွာရှင်း ပေးစေလိုမှုနှင့် လင်မယားနှစ်ဦးပိုင် ပစ္စည်းခွဲဝေပေးစေလိုမှုစွဲဆိုခဲ့ရာ သဃ်္ဃန်းကျွန်းခရိုင် တရားရုံးတော်က (၂၅-၁၁-၂၀၂၅)ရက်နေ့တွင် ကျွန်ုပ် မိတ်ဆွေသည် ဒေါ်တင်တင်ကျော်အား အကြင်လင်မယားအဖြစ်မှ ကွာရှင်း ခွင့်မရထိုက်ကြောင်း အမိန့်ချမှတ်ခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်တင် တင်ကျော်တို့သည် ယနေ့အချိန်ထိ တရားဝင်အကြင်လင်မယားဖြစ်၍ အထက်ဖော်ပြပါ လက်ထက်ပွားပစ္စည်းများမှာလည်း ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်တင်တင်ကျော်တို့ နှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများဖြစ်ပါသည်။ အဆိုပါ လက်ထက်ပွားပစ္စည်းများကို ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီမှု မရှိဘဲ ဒေါ်တင်တင်ကျော်မှ အခြားသူတစ်ဦးအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ် ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လေး**
**အထက်တန်းရှေ့နေ (စဉ်- ၂၃၂၅၃ / ၂၀၀၄)**
**အမှတ်(၅၈)၊ (B-4)၊ အဝေရောလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၈၀၁၇**

